# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၅၅)၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ၁၁-၅-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိဗာစီဗစ်မြို့သို့ ရောက်ရှိ

နေပြည်တော် မေ ၁၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိဗာစီဗစ်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်သည် နိဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်သို့ ရောက်ရှိကြရာ နိဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား နိဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၌ နိဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းနိုင်

နေပြည်တော် မေ ၁၀

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၀-၀-၀-၀-၀

၂၀၂၅ ခုနှစ်၊ မေ ၁၁ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

# ထူးမြတ်သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့

ကဆုန်လပြည့်နေ့သည် ထူးခြားသော ဝိသေသလက္ခဏာများ ဖြင့်ပြည့်စုံလှသည်။လတကာတို့တွင်လည်း ကဆုန်လသည် မွန်မြတ်သောလပင်ဖြစ်သည်။ အကြောင်းကား ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကဆုန်လမှာပင် ဖွားမြင်တော်မူခဲ့သည်။ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ကဆုန်လကို လတကာလတို့ထက် အလေးအနက်ပြုကြလျက် လေးစားရိုကျိုးမြတ်နိုးကြသည်။

ကဆုန်လပြည့်နေ့သည် ထူးခြားသော ဝိသေသလက္ခဏာများ ဖြင့်ပြည့်စုံလှသည်။ "ဇာတိ၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း" ဟူသော စကားနှင့်အညီ နေ့ထူးနေ့မြတ်ဖြစ်သည်။ ဂေါတမမြတ်စွာဘုရား ဖွားမြင်တော်မူသောနေ့မှာ ကဆုန်လပြည့်နေ့ ဖြစ်သည်။ အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ကြိမ်ခု ကဆုန်လပြည့် သောကြာနေ့ဝယ် ချမ်းမြေ့စုံညီ၊ လုမ္ဗိနီ၌ မဟီလိုက်ဆူ ဖွားတော်မူခဲ့သည်။

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား ဘဒ္ဒကမ္ဘာတွင် လေးဆူမြောက်ဖြစ်သည့် ဂေါတမအမည်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ကို ဒီပင်္ကရာမြတ်စွာဘုရားက နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့မှာပေးခဲ့၍ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်နေ့ဖြစ်သည်။

မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့ပြီး မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်ကို ရရှိကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင်မူ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သဖြင့် ဗုဒ္ဓဘာသာသမိုင်းတွင် ဤကဲ့သို့သော ထူးခြားချက်များကြောင့် ဗျာ၊ ဖွား၊ ပွင့်၊ စံ၊ ဤလေးတန်၊ မှတ်ရန် ဗုဒ္ဓနေ့ဟု အဆိုရှိခဲ့သည်။ ထို့ပြင် အလောင်းတော်သိဒ္ဓတ္ထသည် ဤလုမ္ဗိနီတွင်ဖွားတော်မူခဲ့သည်။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် လုမ္ဗိနီဥယျာဉ်တွင် ဖွားမြင်တော်မူပြီး သက်တော် ၁၆ နှစ်အရွယ်တွင် သုံးသွယ်ရွှေနန်းကို ၁၃ နှစ် စံတော်မူခဲ့သည်။

သက်တော် ၂၉ နှစ်အရွယ်ရောက်သောအခါ လေးမျိုးနိမိတ်နတ်ပြဟိတ်ကြောင့် ရွှေစိတ်တော်ငြိငြင် သံဝေဂရကာ ဝါဆိုလပြည့် ကျားမင်းနေ့ဝယ် တောထွက်တော်မူခဲ့သည်။ တောရပ်မြိုင်တွင် ခြောက်နှစ်ကြာ တရားအားထုတ်တော်မူပြီးနောက် ကဆုန်လပြည့် ဆင်မင်းနေ့ဝယ် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး အတုမရှိ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဤတွင် မြတ်စွာဘုရားရှင်က ဤသည်ကား ဒုက္ခတည်း။ ဤသည်ကား ဒုက္ခဖြစ်ခြင်း အကြောင်းတည်း။ ဤသည်ကား ဒုက္ခခပ်သိမ်းကင်းငြိမ်းရာတည်း။ ဤသည်ကား ဒုက္ခခပ်သိမ်းကင်းငြိမ်းရာသို့ ရောက်ကြောင်း အကျင့်တည်းဟု သိမြင်ခြင်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဟူသော အမည်ကို ခံတော်မူလေသည်။

မြတ်စွာဘုရားရှင် မာရ်ငါးပါးကို အောင်မြင်တော်မူရာဖြစ်၍ သံဝေဇနိယနှင့် အဝိဇဟိတ နှစ်ဌာနလုံးမှာ အခါခပ်သိမ်း မမေ့အပ်သော ထူးမြတ်သည့် နေရာဌာနဖြစ်သည်။ ဗုဒ္ဓအဖြစ်သို့ရောက်သောအခါ သုံးမည်ဘုံသိုက် တစ်သောင်းတိုက်ဝယ် ကျွတ်ထိုက်သူ နတ်လူဗြဟ္မာ သတ္တဝါတို့ကို ခေမာသောင်သို့ နိဗ္ဗာန်ဖောင်ကူးတို့ဖြင့် ပို့တော်မူသည်။ မြတ်စွာဘုရားရှင်သည် သက်တော်ရှစ်ဆယ်၊ လေးဆယ့်ငါးဝါ အရောက် သက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ချမ်းမြေ့နိဗ္ဗူစံတော်မူလေသည်။

သို့ဖြစ်ရာ ထူးမြတ်သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မင်္ဂလာ အခမ်းအနားများကို မြန်မာပြည်တစ်ဝန်းဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိကြောင်း ရေသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်းနှင့် ၄၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ (ဆဆ-၆)၊ ၁၀၆လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၁၂ ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ လမ်း ၆၀၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၇၂လမ်း၊ မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် လည်းကောင်း၊ မေ ၁၃ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ရေနီမြောင်းလမ်း၊ ၃၈လမ်းနှင့် ၃၉ လမ်းကြား၊ အမရပူရမြို့နယ်၊ ကြံတန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ရွာလယ်စုံတုန်းကြီးကျောင်းအနီးတွင် လည်းကောင်း၊ မေ ၁၄ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်(၁၂)၊ အနိုင်တော်ရပ်ကွက်၊ လမ်း ၆၀နှင့် ၁၉ လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် (ချ-၁ နှင့် ၂ ကြား၊ မြို့ကွက် (၃)ရပ်ကွက်၊ ၆၁ လမ်းနှင့် ၁၀၇ လမ်းထောင့်၊ စက်ရုံနှင့် မော်တော်ယာဉ် ဌာနတောင်ဘက်တွင် လည်းကောင်း၊ မေ ၁၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ လမ်း ၈၀၊ ၃၉လမ်းနှင့် လမ်း ၄၀ ကြားတွင် လည်းကောင်း၊ မေ ၁၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမွှာရုံ၊ အ.ထ.က(၁) အနောက်ဘက်တွင်လည်းကောင်း၊ မေ ၁၇ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၈၆ လမ်း၊ ၁၅ လမ်းနှင့် ၁၆ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက်(၄၄၈)၊ ဒေါနခြံ၊ ဒေါနသုခလူမှုကူညီရေးရုံးအနီး၊ ကန်တော်ကြီးအရှေ့ပတ်လမ်းတို့တွင် လည်းကောင်းရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး ပြည်သူများ အဆင်ပြေစွာဝယ်ယူ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

## မန္တလေးမြို့တွင် လေပြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးသီးများကြွေကျခဲ့

**မန္တလေး မေ ၁၀**

မန္တလေးမြို့တွင် မေ ၁၀ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က စတင်၍ တစ်နာရီ ၂၀-၂၅ မိုင်ဝန်းကျင်ရှိ လေပြင်းတိုက်ခတ်ပြီးနောက် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ မန္တလေးမြို့တွင်း နေရာများစွာတွင် မိုးသီးများ ကြွေကျခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် နေ့အပူချိန်မှ ၄၀ ဒီဂရီစင်တီဂရိတ်အထက် ပူပြင်းရာမှ ၄င်းအပူချိန် အောက်သို့ ကျဆင်းခဲ့သည်ဟုဆိုသည်။

"လေပြင်းတိုက်ခတ်တာကို ကြည့်ရင် တစ်နာရီ ၂၅ မိုင်ဝန်းကျင်လောက်ပဲ ရှိပါတယ်။ အနောက်ဘက်က ရွေ့လျားလာတဲ့ မိုးတိမ်တောင်ကြီးတွေက တစ်ဆင့် လေပြင်းတိုက်ခတ်တာ၊ မိုးသည်းထန်စွာ ရွာသွန်းတာနဲ့ မိုးသီးကြွေတာတွေဖြစ်ခဲ့တယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်)မှ တာဝန်ရှိသူက ပြောသည်။



မိုးတိမ်တောင်ကြီးများ ရွေ့လျားရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်းနှင့် မေ ၁၁ ရက်နေ့တွင် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်ဖြစ်ပြီး ရွာရန် ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့် မေ ၁၀ ရက်မှ မေ ၁၅ ရက်အတွင်း နေပြည်တော်၊ မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ကချင်၊ ချင်း၊ ရခိုင်၊ ရှမ်း(မြောက်)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီ၊ ကယား၊ ကရင်၊ ရှမ်း(တောင်နှင့် အရှေ့)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်းမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ယနေ့ညနေပိုင်း တိုင်းထွာချက်များအရ ထုတ်ပြန်ထားကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၉)

### သတင်းများ

### Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich တို့ တွေ့ဆုံဆွေးနွေးစဉ်။

## ❖ မြန်မာနိုင်ငံနှင့် နိုဗာစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး

စာမျက်နှာ ၂၄ မှ

အုပ်ချုပ်ရေးမှူးတို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးရာတွင် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ မြန်မာနိုင်ငံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ခဲ့သည့်အတွက် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူရသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှု၊ ထိခိုက်ဆုံးရှုံးခဲ့ရမှုများကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ လက်တွဲ၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် နိုဗာစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ယခုခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံအချင်းချင်း ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကာ နိုင်ငံတော်အတွက် အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များ ပေါ်ထွက်လာအောင် ဖော်ဆောင်နိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြေပြင်ကွင်းဆင်းစာရင်းကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

တောင်ကြီး မေ ၁၀

မကြာမီပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရမည့်အချိန် နီးကပ်လာပြီဖြစ်သည့်အတွက် မဲဆန္ဒရှင်စာရင်းများပြုစုရာတွင် ပြည့်စုံမှန်ကန်စေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်း မှန်ကန်စေရေးသည် အဓိကကျသော အချက်ဖြစ်သောကြောင့် အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်းများပြုစုရာတွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် ၁၈ နှစ်နှင့်အထက် နိုင်ငံသားအားလုံးပါဝင်နိုင်ရေး၊ ဥပဒေအရ နိုင်ငံသားမဖြစ်သေးသူ သတ်မှတ်အရည်အချင်းနှင့်မပြည့်စုံသူ (ဥပမာအသက် ၁၈နှစ် မပြည့်သေးသူများ၊ နိုင်ငံသားအဖြစ်မှ ရပ်စဲထားသူများ၊ ကွယ်လွန်ပြီးသူများစသည်ဖြင့်) မပါဝင်ရန် အရေးကြီးကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်၍ မဲပေးပိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရာတွင် အားလုံးက ဝိုင်းဝန်းကြိုးစားပေးကြရန် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး၊ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် တက်ရောက်လာကြသူများက ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မိမိခရိုင်၊ မြို့နယ်များ အကောင်းဆုံးဖြစ်အောင် ကြိုးစားပေးကြရန်နှင့် ရုံးမှတ်တမ်းများလည်း ကျနရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း နိဂုံးချုပ်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်လွှတ်တော်ရုံးသို့ သွားရောက်၍ လွှတ်တော်ရုံးအဆောက်အအုံပြုပြင်နေမှုများနှင့် မန္တလေးငလျင်ဒဏ်ကြီးကြောင့် ရှမ်းပြည်နယ်လွှတ်တော်ရုံး အတွင်းပိုင်းရှိ ရုံးခန်းကြမ်းခင်းကြွေပြား ဖောင်းကြွအက်ကွဲမှုဖြစ်ပွားသည့်နေရာအသစ် ပြန်လည်ပြုပြင်နေမှုနှင့် မီဒီယာခန်း၊ စာကြည့်တိုက်ခန်းမ၊ သံလွင်ခန်းမ၊ လွှတ်တော်ရေးရာကော်မတီအခန်း၊ လွှတ်တော်အစည်းအဝေးခန်းမနှင့် လွှတ်တော်ရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုဖြည့်စွက်၍ တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ပြည်နယ်(ပြန်/ဆက်)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြား

နေပြည်တော် မေ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မေ ၇ ရက်မှစ၍ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ၁၉၄၁ - ၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့သည်။

ထိုသို့အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာစဉ် အထူးလေယာဉ်ပေါ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို လက်ခံဖြေကြားခဲ့ပြီး မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဖော်ပြလိုက်ရပါသည်။




* ပြည်သူအားလုံးကိုလည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်တွေ ဒီထက်ပိုပြီးတော့မှရှိအောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါလိမ့်မယ်။ ဒါမှသာ ပြည်သူအားလုံးကလည်း မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု ရှိအောင် ဆောင်ရွက်နိုင်
* မြန်မာနိုင်ငံမှာ ကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့၊ ကျွန်တော်တို့ရဲ့ ကြိုတင်ပြင်ဆင်မှုများနဲ့ ရွေးကောက်ပွဲကိုလည်း အားပေးထောက်ခံ
* မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နောက်ပြီးတော့ နယ်မြေပိုင်ဆိုင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီးတော့လည်း ခိုင်မာစွာထောက်ခံ

**မေး။ ။** ဗိုလ်ချုပ်မှူးကြီးရှင့်၊ မတ် ၃ ရက်မှ ၉ ရက်အထိ သွားရောက်ခဲ့တဲ့ မြန်မာ - ရုရှား ချစ်ကြည်ရေးခရီးစဉ်အတွင်းမှာရရှိခဲ့တဲ့ ဆွေးနွေးညှိနှိုင်းမှုရလဒ်များက မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိခဲ့ပါတယ်။ ယခု မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို တက်ရောက်ခဲ့တဲ့ ခရီးစဉ်မှာလည်း ကျွန်မတို့နိုင်ငံအတွက် ဘယ်လိုအကျိုးရလဒ်တွေ ရရှိခဲ့သလဲဆိုတာ သိချင်ပါတယ်။

**ဗိုလ်ချုပ်မှူးကြီး။ ။** ဒီအခမ်းအနား ကတော့ ရုရှားပြည်သူတွေက တော်တော်ကို တန်ဖိုးလည်းထားတယ်။ ဂုဏ်လည်းယူကြတယ်။ ဆိုဗီယက်ပြည်ထောင်စုကြီးကို လာပြီးကျူးကျော်တိုက်ခိုက်တဲ့ ဖက်ဆစ်နာဇီတွေ အပေါ်မှာ သူတို့ လူ ၂၆ သန်းကျော် အသေခံပြီးတော့မှ ပြန်ပြီး ရုရှားနိုင်ငံရဲ့ အချုပ်အခြာအာဏာပြန်လည်ရရှိဖို့အတွက် တိုက်ခိုက်ခဲ့တာပေါ့။ ဒါကြောင့် သူတို့လည်း သိပ်တန်ဖိုးထားပါတယ်။ ဒါကျွန်တော်တို့ အလေးထားရမယ့်ကိစ္စပေါ့။ မြန်မာနိုင်ငံလည်း ဖက်ဆစ်တော်လှန်ရေး သမိုင်းကြောင်း ရှိခဲ့တယ်။ တပ်မတော်နဲ့ ပြည်သူပေါင်းပြီးတော့မှ လွတ်လပ်ရေးရအောင်လည်း တိုက်ခိုက်ခဲ့တဲ့ သမိုင်းကြောင်းလည်း ရှိတယ်။ သမိုင်းကောင်း၊ တကယ်ခိုင်မာတဲ့ သမိုင်းကြောင်းပါ။ ဒါကြောင့် ဒါကလည်း ကျွန်တော်တို့ အနေနဲ့ ဒီဟာကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ဖို့လိုအပ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ နောက်တစ်ခုက နိုင်ငံတော်ကာကွယ်ရေး အင်အားရှိရင်ပေါ့၊ တပ်မတော်အင်အားရှိလို့ရှိရင် တိုင်းပြည်က အင်အားရှိမယ်ဆိုတဲ့ဟာကတော့ ပေါ်လွင်ပါတယ်။ ပြည်သူအားလုံးကိုလည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်တွေ ဒီထက်ပိုပြီးတော့မှ ရှိအောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါလိမ့်မယ်။ ဒါမှသာ ပြည်သူအားလုံးကလည်း မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်မယ်ဆိုတာလည်း ဒါ ကျွန်တော်တွေ့ပါတယ်။

**မေး။ ။** ခရီးစဉ်အတွင်းမှာ စစ်ရေးပြအခမ်းအနားကို တက်ရောက်လာတဲ့ နိုင်ငံ့ခေါင်းဆောင်များနဲ့လည်း တွေ့ဆုံခဲ့တာကို တွေ့ရပါတယ်။ ဘာထူးခြားမှုများ ရှိပါသလဲ။

**ဗိုလ်ချုပ်မှူးကြီး။ ။** နိုင်ငံ့ခေါင်းဆောင်တချို့နဲ့ အလွတ်သဘောတွေ့ဆုံတာလည်းရှိသလို တွေ့ဆုံဆွေးနွေးနိုင်မှုလည်း ကျွန်တော်တို့ရခဲ့ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံကနေပြီးတော့မှ ကျွန်တော့်ရဲ့ သဘောထားပေါ့၊ ကျွန်တော်ကတော့ ပါတီစုံဒီမိုကရေစီစနစ်ကိုသွားဖို့အတွက် ကျွန်တော်လက်ခံပါတယ်။ ဒီအတိုင်း ကျွန်တော်တို့သွားဖို့ဖြစ်ပါတယ်။ ဒါပြီးလို့ရှိရင် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ဒီနှစ်ကုန်ပိုင်းမှာ ကျွန်တော်ဆောင်ရွက်မယ်ဆိုတဲ့ အကြောင်းကိုလည်း ကျွန်တော် သူတို့ကို ရှင်းပြပါတယ်။ ဆွေးနွေးတဲ့လူတွေကတော့ အားလုံးလည်းလက်ခံပြီးတော့မှ အားပေးထောက်ခံမှု ရှိတာကိုလည်း ကျွန်တော်တွေ့ရပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီးတော့ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေတွေလည်း တချို့နိုင်ငံတွေလည်း ရှင်းပြနိုင်ပြီးတော့ တချို့နိုင်ငံတွေကလည်းမိတ်ဆက်တွေ့ဆုံရတာပေါ့။ ကောင်းပါတယ်၊ အားလုံးတွေ့ရတာ အားလုံးကောင်းပါတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

**မေး။ ။** ခရီးစဉ်အတွင်းမှာ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဘာများပြောလိုပါသလဲ။

**ဗိုလ်ချုပ်မှူးကြီး။ ။** မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံကတော့ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ မဟာဗျူဟာမိတ်ဖက်နိုင်ငံတစ်ခုလည်းဖြစ်တယ်။ နောက် ခွဲခြားလို့မရတဲ့ အိမ်နီးချင်းနိုင်ငံတွေလည်း ဖြစ်ပါတယ်။ နောက်တစ်ခါ သံတမန်ဆက်ဆံရေးကလည်း အခုဆိုရင် ၇၅ နှစ်ကျော်ကာလကို ရောက်ပြီဖြစ်ပါတယ်။ ဒါကြောင့် ထူးခြားတဲ့ ဆက်ဆံရေးရှိတဲ့ နိုင်ငံတစ်ခုလို့ ကျွန်တော်ပြောချင်ပါတယ်။ သမ္မတကြီးကတော့ မန္တလေးငလျင်နဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေ အသက်ဆုံးရှုံးမှုနဲ့ ထိခိုက်ဆုံးရှုံးမှုများအတွက်လည်း စိတ်မကောင်းတဲ့အကြောင်း နှုတ်ကလည်း ထုတ်ပြောတယ်။ ပြီးရင်ဖြစ်ပြီးတဲ့ အချိန်မှာလည်း ကျွန်တော့်ဆီကိုလည်း သဝဏ်လွှာ သူပို့ပါတယ်။ ဒီငလျင်နဲ့ပတ်သက်ပြီးတော့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့လည်း ဆက်လက်ကူညီဆောင်ရွက်ပေးမယ်ဆိုတာလည်း သူ ဒါလည်း အလေးအနက်ထားပြီး သူပြောပါတယ်။ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နောက်ပြီးတော့ နယ်မြေပိုင်ဆိုင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီးတော့လည်း ခိုင်မာစွာထောက်ခံတဲ့ အကြောင်းလည်း သူပြောပါတယ်။ မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေး၊ နောက်တစ်ခါ ဖွံ့ဖြိုးတိုးတက်ရေးအပေါ်မှာလည်း အားပေးတဲ့အကြောင်း သူ ကျွန်တော်တို့ကို ပြောပါတယ်။ ကျွန်တော့်အနေနဲ့လည်း One Belt One Road လမ်းကြောင်းအပေါ်မှာလည်း ခိုင်ခိုင်မာမာရပ်တည်တဲ့အကြောင်း၊ နောက်တစ်ခါ မြန်မာနိုင်ငံကနေပြီးတော့ တက်ကြွစွာ ပါဝင်ဆောင်ရွက်မယ်ဆိုတဲ့ အကြောင်း ကျွန်တော်ပြောခဲ့ပါတယ်။ မြန်မာနိုင်ငံက ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေတွေလည်း အကြမ်းဖျင်း ကျွန်တော်ရှင်းပြနိုင်ခဲ့ပါတယ်။ နောက်တစ်ခုက တရုတ်-မြန်မာ-ဘင်္ဂလားဒေ့ရှ် စီးပွားရေး စင်္ကြံ အကောင်အထည်ဖော်မြင့်တင်ရေးနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော် ဆွေးနွေးဖြစ်ခဲ့ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒါ သမ္မတကြီးကပေါ့ဗျာ၊ မြန်မာနိုင်ငံမှာ ကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့၊ ကျွန်တော်တို့ရဲ့ ကြိုတင်ပြင်ဆင်မှုများနဲ့ ရွေးကောက်ပွဲကိုလည်း အားပေးထောက်ခံတဲ့အကြောင်း သူ ဒါလေးထပ်ပြီး ပြောပါတယ်။ တွေ့ဆုံဆွေးနွေးရတာလည်း ကောင်းမွန်တဲ့ ရလဒ်ကောင်းတွေ ရရှိတယ်ဆိုတာလည်း ကျွန်တော်ပြောချင်ပါတယ်။

သတင်းစဉ်

# အကျိုးစီးပွားချင်းထပ် ကောင်းမြတ်ခဲ့ပြီ

— — — ထက်မြတ် — — —

ယနေ့ကမ္ဘာ့အခြေအနေကို ပြန်တွေးဆကြည့်မယ်ဆိုရင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြားမှာ ချစ်ကြည်ရင်းနှီးမှုတွေကို ပိုမိုတိုးမြှင့်တည်ဆောက်လာခဲ့ကြတာ တွေ့ရမှာပါ။ ဒါပေမယ့် ကမ္ဘာ့နိုင်ငံအားလုံးက ချစ်ကြည်ရင်းနှီးမှုတွေတည်ဆောက်နေကြတာတော့ မဟုတ်ပါဘူး။ တစ်ဖက်က ဧကဝင်ရိုးကိုလိုလားတဲ့ နိုင်ငံတွေနဲ့ အခြားတစ်ဖက်မှာကျတော့ ဗဟုဝင်ရိုးကိုလိုလားတဲ့ နိုင်ငံတွေဆိုပြီး ဖြစ်တည်လာကြတာပါ။

ဒီနေရာမှာ ဧကဝင်ရိုးနဲ့ ဗဟုဝင်ရိုးဆိုတာကို အနည်းငယ်ရှင်းပြချင်ပါသေးတယ်။ ဧကဝင်ရိုးကမ္ဘာကြီးဆိုတာက တစ်ကမ္ဘာလုံးရဲ့အခင်းအကျင်းအဖြစ်အပျက်အားလုံးက အင်အားကြီး နိုင်ငံတစ်နိုင်ငံ ဒါမှမဟုတ် အင်အားကြီးအုပ်စုတစ်ခုရဲ့ ထိန်းချုပ်မှုအောက်ကို ရောက်ရှိသွားတာမျိုးဖြစ်ပါတယ်။ ဗဟုဝင်ရိုးကမ္ဘာဆိုတာ ကမ္ဘာ့နိုင်ငံအားလုံးက ဧကဝင်ရိုးလိုမျိုး ဗဟိုထိန်းချုပ်မှုကနေလွတ်ကင်းပြီး အမှန်တကယ်လွတ်လပ်တဲ့နိုင်ငံများအဖြစ်သို့ ဦးတည်လျှောက်လှမ်းနေတဲ့ အခြေအနေဖြစ်ပါတယ်။

## ဗဟုဝင်ရိုးကမ္ဘာကြီးကို တည်ဆောက်ဖို့ ကြိုးပမ်းဆောင်ရွက်လာ

ဒီတော့ ဧကဝင်ရိုးနဲ့ဗဟုဝင်ရိုးမှာဆိုရင် သွားတဲ့ပုံစံချင်းလည်းမတူသလို ရရှိလာတဲ့ အကျိုးကျေးဇူးချင်းလည်း မတူပါဘူး။ ဧကဝင်ရိုးကနေရရှိလာတဲ့အကျိုးကျေးဇူးက တစ်ဦးကောင်း၊ တစ်အုပ်စုကောင်းအတွက်သာဖြစ်ပေမယ့် ဗဟုဝင်ရိုးကနေရရှိလာတဲ့ အကျိုးကျေးဇူးကျတော့ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် ကိုယ့်အတွက်ကျန်မှာဖြစ်သလို အဲဒီအကျိုးရလဒ်ကိုလည်း ဘယ်သူ့ကိုမှပြန်ခွဲပေးစရာမလိုပါဘူး။ ဒါကြောင့် ကမ္ဘာ့နိုင်ငံများက ဗဟုဝင်ရိုးကမ္ဘာကြီးကိုတည်ဆောက်ဖို့ ကြိုးပမ်းဆောင်ရွက်လာနေကြတာဖြစ်ပါတယ်။

ဒီလိုမျိုး ဗဟုဝင်ရိုးကမ္ဘာကြီးကိုတည်ဆောက်နိုင်ဖို့အတွက် ရုရှား၊ တရုတ်၊ ဘရာဇီးတို့လိုမျိုး အင်အားကြီးနိုင်ငံများက ဦးဆောင်လျက်ရှိပါတယ်။ ဥပမာ BRICS ဆိုတဲ့အဖွဲ့အစည်းကို ကြည့်လိုက်ရင်တွေ့ရမှာပါ။ အဲဒီအဖွဲ့အစည်းကြီးက သူတို့ကိုယ်တိုင်လည်း ရှေ့ဆောင်လမ်းပြအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေသလို သူတို့နဲ့ လက်တွဲပါဝင်လိုတဲ့ အင်အားနည်းနိုင်ငံများကိုလည်း အတူတကွ ဆွဲခေါ်နေတာတွေ့ရပါတယ်။

## ရုရှားနိုင်ငံနဲ့ချစ်ကြည်ရေးကို ပိုမိုခိုင်မာအောင်တည်ဆောက်နိုင်ခဲ့

နိုင်ငံရေးဆိုတာ အင်မတန်မှပါးနပ်ဖို့လိုပါတယ်။ ဒီအရေးက ကမ္ဘာ့နိုင်ငံများနဲ့ယှဉ်လာပြီဆိုရင်တော့ အလွန်ကိုကျွမ်းကျင်လိမ္မာစွာကိုင်တွယ်မှသာ ကိုယ့်အတွက်အကျိုးကျေးဇူးများစွာ ရရှိစေမှာပါ။ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံ့တာဝန်များကို ခေတ္တတာဝန်ယူဆောင်ရွက်နေရတယ်ဆိုပေမယ့်လည်း ကမ္ဘာ့နိုင်ငံများနဲ့ယှဉ်ပြီး လုပ်ဆောင်ရမယ့် အရေးကိစ္စတွေမှာဆိုရင် လိမ္မာပါးနပ်လွန်းစွာ လုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အိမ်နီးချင်းအင်အားကြီးနိုင်ငံများဖြစ်တဲ့ တရုတ်၊ အိန္ဒိယတို့နဲ့ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင်တည်ဆောက်ခဲ့ရုံသာမက ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်တဲ့ ရုရှားနိုင်ငံနဲ့ချစ်ကြည်ရေးကို ပိုမိုခိုင်မာအောင်တည်ဆောက်နိုင်ခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက နိုင်ငံတော်တာဝန်များကို ယူထားရတဲ့ ကာလတစ်လျှောက်လုံးမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ရုရှားနိုင်ငံကို လေးကြိမ်မြောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ ရင်ပြင်နီ၌ ကျင်းပသည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာစဉ်။

ချစ်ကြည်ရေးခရီးသွားရောက်ကာ ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်နဲ့ နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီလိုမျိုးတွေ့ဆုံမှုတွေမှာ နှစ်နိုင်ငံကြားအကျိုးရှိစေမယ့် စီမံကိန်းများကို ပူးပေါင်းအကောင်အထည်ဖော်ရေးအတွက်သာမက မြန်မာနိုင်ငံအတွက် အကျိုးများမယ့်ကူညီမှုများပေးအပ်ရေးအတွက်လည်း သဘောတူညီခဲ့ကြပါတယ်။ အခုဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားနိုင်ငံကို ငါးကြိမ်မြောက် ချစ်ကြည်ရေးခရီးသွားရောက်ရာကနေ ပြန်လည်ရောက်ရှိလာပါပြီ။

## တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ဆောင်

ယခုတစ်ခေါက် ချစ်ကြည်ရေးခရီးစဉ်က ရုရှားနိုင်ငံ မော်စကိုမြို့မှာ ကျင်းပတဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားနဲ့အတူ ဆက်စပ်အခမ်းအနားတွေကို တက်ရောက်ဖို့အတွက်သွားခြင်းဖြစ်ပါတယ်။ ဒီခရီးစဉ်ကို လာဖို့ကိုလည်း ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်ကိုယ်တိုင်က ပြီးခဲ့တဲ့တစ်ခေါက်တွေ့ဆုံမှုမှာ ဖိတ်ကြားလိုက်တာပါ။ ထူးခြားတာက ဒီတစ်ခေါက်ခရီးစဉ်မှာ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးကိုယ်တိုင်ကလည်း နိုင်ငံတကာနဲ့မြန်မာနိုင်ငံတို့ကြား ဆက်ဆံရေးနဲ့ ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် အမျိုးသမီးရေးရာကိစ္စတွေမှာပါ။

## အခွင့်အလမ်းတွေ ပေါ်ထွန်းလာ

နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက မေလ ၈ ရက်နံနက်ပိုင်းမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ ဗယ်လက်တီနာမတ်ဗီယန်ကိုနဲ့ တွေ့ဆုံပြီး ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ကြား ပညာရေး၊ စီးပွားရေးကဏ္ဍတို့မှာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ရဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ အန်နာနက်စတီရိုဗာနဲ့ တွေ့ဆုံပြီး အမျိုးသမီးရေးရာ အခန်းကဏ္ဍအားပေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့တာတွေ့ရပါတယ်။ ဒီလိုမျိုးတွေဆွေးနွေးနိုင်ခြင်းဟာ သိပ်ကိုကောင်းမွန်တဲ့လက္ခဏာတစ်ခုလို့ ပြောရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံဟာ ကျား၊ မ ခွဲခြားခြင်းမရှိတဲ့ အားလုံးကိုတစ်ပြေးညီဆက်ဆံနေတဲ့နိုင်ငံဖြစ်တာကြောင့် မြန်မာနိုင်ငံအတွင်းမှာသာမက ကမ္ဘာမှာပါ အမျိုးသမီးတွေရဲ့ ပါဝင်ပတ်သက်မှုကို အားပေးမြှင့်တင်နိုင်မယ့် အခွင့်အလမ်းတွေ ပေါ်ထွန်းလာလို့ဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ အခုသွားခဲ့တဲ့ရုရှားခရီးစဉ်မှာ နောက်ထပ်ထူးခြားမှုတစ်ခု ရှိပါသေးတယ်။ အထက်မှာဆိုခဲ့တဲ့အတိုင်း နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ရုရှားနိုင်ငံက ကျင်းပတဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားနဲ့ ဆက်စပ်အခမ်းအနားတွေကို တက်ရောက်ခြင်းဖြစ်ပါတယ်။ ထူးခြားမှုကတော့ အဲဒီစစ်ရေးပြအခမ်းအနားမှာ မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲက ရင်ပြင်နီမှာ ပါဝင်တက်ရောက်စစ်ရေးပြခွင့်ရရှိခဲ့တာပါ။ ဒီလိုမျိုးပါဝင်ခွင့်ရခြင်းဟာ သမိုင်းတစ်လျှောက်မှာ ပထမဆုံးဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲက တရုတ်၊ ဗီယက်နမ်၊ လာအို အစရှိတဲ့ နိုင်ငံပေါင်း ၁၃ နိုင်ငံနဲ့အတူ စစ်ရေးပြခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုမျိုး ပါဝင်စစ်ရေးပြခွင့်ရရှိခြင်းက မြန်မာ့တပ်မတော်ကို ကမ္ဘာ့အသိုင်းအဝိုင်းမှာ ပိုမိုထင်ရှားလာစေပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကတော့ နိုင်ငံအကျိုးအတွက် ဖော်ဆောင်ရတဲ့ ပြည်ပခရီးစဉ်တွေမှာ အမြဲတမ်းတက်တက်ကြွကြွရှိလှတဲ့ ပုံစံအတိုင်းပဲ အခုတစ်ခေါက်မှာလည်း နိုင်ငံအတွက်အကျိုးရှိမယ့်တွေ့ဆုံမှုတွေကို တက်ကြွစွာဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားနိုင်ငံကိုရောက်ရှိပြီးနောက်တစ်ရက်နံနက်ပိုင်းမှာပဲ ရုရှားနိုင်ငံရဲ့ နာမည်ကျော်သတင်းဌာနတွေဖြစ်တဲ့ RT TV Channel နဲ့ Krasnaya Zvezda သတင်းစာတို့ရဲ့ တွေ့ဆုံမေးမြန်းမှုတွေကို စိတ်ရှည်လက်ရှည်နဲ့ပြည့်ပြည့်စုံစုံ ဖြေကြားပေးပါတယ်။ ဒီသတင်းဌာနတွေရဲ့ တွေ့ဆုံမေးမြန်းမှုနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ပြန်လည်ဖြေကြားမှုတွေက မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ကြား ချစ်ကြည်ရေးကို စာမျက်နှာ ၆ သို့

❑ **နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ရုရှားနိုင်ငံက ကျင်းပတဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားနဲ့ ဆက်စပ်အခမ်းအနားတွေကို တက်ရောက်ခြင်းဖြစ်ပါတယ်။ ထူးခြားမှုကတော့ အဲဒီစစ်ရေးပြအခမ်းအနားမှာ မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲက ရင်ပြင်နီမှာ ပါဝင်တက်ရောက်စစ်ရေးပြခွင့်ရရှိခဲ့တာပါ။ ဒီလိုမျိုးပါဝင်ခွင့်ရခြင်းဟာ သမိုင်းတစ်လျှောက်မှာ ပထမဆုံးဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲက တရုတ်၊ ဗီယက်နမ်၊ လာအို အစရှိတဲ့ နိုင်ငံပေါင်း ၁၃ နိုင်ငံနဲ့အတူ စစ်ရေးပြခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုမျိုး ပါဝင်စစ်ရေးပြခွင့်ရရှိခြင်းက မြန်မာ့တပ်မတော်ကို ကမ္ဘာ့အသိုင်းအဝိုင်းမှာ ပိုမိုထင်ရှားလာစေပါတယ်**

*စာမျက်နှာ ၅ မှ*

ခိုင်မာစေရုံသာမက မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များကိုလည်း ကမ္ဘာကသိရှိခွင့်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်ဟာ မေလ ၈ ရက် ညနေပိုင်းမှာတော့ ကာဇက်စတန်နိုင်ငံသမ္မတနဲ့ တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်နိုင်ဖို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ အဲဒီနောက် ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်က တည်ခင်းဧည့်ခံတဲ့ ညစာစားပွဲအခမ်းအနားသို့ အခြားသော နိုင်ငံ့ခေါင်းဆောင်များနဲ့အတူ တက်ရောက်ပြီး ရုရှားသမ္မတနဲ့တွေ့ဆုံကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့တာလည်းတွေ့ရပါတယ်။ မေလ ၉ ရက် နံနက်ပိုင်းမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ရင်ပြင်နီမှာကျင်းပတဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် (၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ပါတယ်။ ပြီးတဲ့အခါ အခြားနိုင်ငံ့ခေါင်းဆောင်များနဲ့အတူ အညတရစစ်သည်ဗိမာန်သို့သွားရောက်၍ ပန်းခွေချအလေးပြုပါတယ်။ ပြီးနောက် ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်ရဲ့ရုံးခန်းမှာ နေ့လယ်စာသုံးဆောင်ပါတယ်။

တကယ်တော့ မေလ ၉ ရက်ဆိုတာ နိုင်ငံတော်ဝန်ကြီးချုပ်အတွက် အလုပ်အများဆုံးသောနေ့တစ်နေ့ဖြစ်သလို အကျိုးအများဆုံးသောနေ့တစ်နေ့ဆိုရင်လည်းမမှားပါဘူး။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ဒီအခမ်းအနားကိုတက်ရောက်ခဲ့တဲ့အတွက် နိုင်ငံတကာမှခေါင်းဆောင်များနဲ့တွေ့ဆုံပြီး နှစ်နိုင်ငံကြားဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့အတွက်ကို ဆွေးနွေးနိုင်ခဲ့ပါတယ်။

### ပူးပေါင်းဆောင်ရွက်ရေးအမြင်ချင်းဖလှယ်ဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားနိုင်ငံကို ရောက်ရှိနေတဲ့ တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နဲ့ မေလ ၉ ရက်ညနေပိုင်းမှာ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်။ ဒီလိုတွေ့ဆုံစဉ်မှာ နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နဲ့ပတ်သက်ပြီး ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးက ဒီနှစ်မှာ စိန်ရတုတိုင်ပြီဖြစ်ပါတယ်။ ဒီကာလအတွင်း တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအတွက် ကူညီမှုတွေပေးခဲ့သလို မြန်မာနိုင်ငံကလည်း တရုတ်နိုင်ငံအတွက် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းနိုင်ငံအဖြစ် ရပ်တည်ပေးခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံတကာ ခေါင်းဆောင်များနဲ့တွေ့ဆုံစဉ်မှာ အမြဲမပြတ်ပြောနေကျစကားတစ်ခု ရှိပါတယ်။ ဒါကတော့ မြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပေးမယ်ဆိုတဲ့အကြောင်းနဲ့ အဲဒီရွေးကောက်ပွဲကိုလည်း နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များကို ဖိတ်ကြားသွားမယ်ဆိုတဲ့အကြောင်း ဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်က အခုလို တရုတ်နိုင်ငံသမ္မတနဲ့တွေ့ဆုံစဉ်မှာ ဒီအကြောင်းကိုလည်း ထပ်လောင်းပြောခဲ့တာ တွေ့ရပါတယ်။ ဒါဟာ နိုင်ငံတော်အကြီးအကဲတစ်ဦးအနေနဲ့ ကမ္ဘာသိအသိပေးခြင်းဖြစ်တာကြောင့် နိုင်ငံတကာစာမျက်နှာမှာလည်း မြန်မာနိုင်ငံရဲ့ပုံရိပ်ကို တိုးတက်စေပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ ဖော်ဆောင်နေတဲ့ ခါးပတ်တစ်ကွင်း၊ လမ်းတစ်ကြောင်းဆိုတဲ့စီမံကိန်းကြီးအပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး တက်ကြွစွာပါဝင်ဆောင်ရွက်မယ်ဆိုတဲ့အကြောင်း၊ တရုတ်-မြန်မာ-ဘင်္ဂလားဒေ့ရှ် စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်မြှင့်တင်ရေးနဲ့ ပတ်သက်တဲ့အကြောင်းတွေကို နိုင်ငံတော်ဝန်ကြီးချုပ်က ပြောဆိုဆွေးနွေးခဲ့တာတွေ့ရပါတယ်။ ဒီလိုဆွေးနွေးမှုတွေဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကိုဖြစ်ပေါ်လာစေမှာပါ။

### မြန်မာနိုင်ငံရဲ့ဆောင်ရွက်ချက်များကို ထောက်ခံ

နောက်တစ်ခုက တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က တရုတ်နိုင်ငံအနေနဲ့ မြန်မာ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ထောက်ခံကြောင်း၊ နိုင်ငံတည်ငြိမ်ရေးနဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံရဲ့ဆောင်ရွက်ချက်များကို ထောက်ခံကြောင်း၊ မြန်မာနိုင်ငံမှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်မှုများနဲ့ ရွေးကောက်ပွဲကို အားပေးထောက်ခံတဲ့အကြောင်းတွေ ပြောခဲ့တာတွေ့ရပါတယ်။ ဒီလိုမျိုးပြောဆိုမှုတွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်ပြီး ကတိပြုမှုတွေလို့ပြောရင်လည်းမမှားပါဘူး။

မေလ ၁၀ ရက်မှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့ အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာနိုင်ငံကို အောင်မြင်ချောမွေ့စွာ ပြန်လည်ရောက်ရှိလာပါပြီ။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ အခုတစ်ခေါက်ခရီးစဉ်မှာ မြန်မာနိုင်ငံအတွက် များလှစွာသော အကျိုးကျေးဇူးများကို ပြန်လည်သယ်ဆောင်လာခဲ့တယ်လို့ဆိုရပါမယ်။ ကမ္ဘာ့နိုင်ငံရေးအခြေအနေနဲ့ နှိုင်းယှဉ်ရင် မြန်မာနိုင်ငံဟာ ကမ္ဘာ့အခင်းအကျင်းသစ်မှာ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်မယ့်အခြေအနေသာမက ကမ္ဘာ့အင်အားကြီးနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်နိုင်တဲ့ အခွင့်အရေးရရှိခဲ့ပါတယ်။ နောက်ထပ် မြန်မာနိုင်ငံအတွက် ရရှိတဲ့အကျိုးကျေးဇူးတွေကတော့ အမျိုးသမီးရေးရာအခန်းကဏ္ဍကို နိုင်ငံတကာအထိ ထိုးဖောက်နိုင်မယ့်အခွင့်အရေး၊ မြန်မာ့တပ်မတော်ကို ကမ္ဘာ့နိုင်ငံများရဲ့ တပ်မတော်များနဲ့ ရင်ပေါင်တန်းနိုင်မယ့်အခွင့်အရေး၊ မြန်မာနိုင်ငံရဲ့အနာဂတ် ပိုမိုတောက်ပလာမယ့် အခွင့်အရေးတွေကို ဆောင်ကြဉ်းပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ယနေ့ကမ္ဘာ့နိုင်ငံတချို့ဟာ ဧကဝင်ရိုးနဲ့အသားကျနေကြတာများပါတယ်။ အဓိကကတော့ ဧကဝင်ရိုးကနေ အကျိုးအမြတ်ကြီးစွာ ရရှိနေတဲ့ လက်တစ်ဆုပ်မျှသောနိုင်ငံများက ဒီအခြေအနေကနေ တခြားအခြေအနေတစ်ခုကို ပြောင်းလဲသွားမှာမလိုလားကြပါဘူး။ ဒါကြောင့်လည်း ဧကဝင်ရိုးကမ္ဘာကြီးကို ဆက်လက်လည်ပတ်နိုင်ဖို့ ကြိုးပမ်းအားထုတ်လာကြချိန်မှာ ကျန်ရှိတဲ့နိုင်ငံတွေကတော့ နိုင်ငံများအတွက် ကိုယ်စီအကျိုးကျေးဇူးရရှိစေမယ့် ဗဟုဝင်ရိုးကမ္ဘာကြီးကို အကောင်အထည်ဖော်လာနေပြီဖြစ်ပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် ဗဟုဝင်ရိုးကမ္ဘာကြီးကို အကောင်အထည်ဖော်နေကြသူများမှာ တူညီသောအကျိုးစီးပွားပန်းတိုင်ရှိပါတယ်။ အဲဒီပန်းတိုင်ကတော့ မျှဝေသောအနာဂတ်နဲ့ အေးအတူပူအမျှရှိတဲ့ အသိုက်အဝန်းကိုတည်ထောင်သွားဖို့ဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုနိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရုရှားနိုင်ငံချစ်ကြည်ရေးခရီးစဉ်ဟာ အကျိုးစီးပွားချင်းထပ်လို့ ကောင်းမြတ်တဲ့ ခရီးစဉ်တစ်ခုဖြစ်လာပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။




ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံမှ စစ်ရေးပြတပ်ဖွဲ့ဝင်များက နိုင်ငံတကာမှ စစ်ရေးပြတပ်ဖွဲ့ဝင်များနှင့်အတူ ပထမဦးဆုံးအကြိမ်ဖြစ် ပါဝင်ချီတက်အလေးပြုစဉ်။

**"နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့အခုတစ်ခေါက်ခရီးစဉ်မှာ မြန်မာနိုင်ငံအတွက် များလှစွာသောအကျိုးကျေးဇူးများကို ပြန်လည်သယ်ဆောင်လာခဲ့တယ်လို့ဆိုရပါမယ်။ ကမ္ဘာ့နိုင်ငံရေးအခြေအနေနဲ့နှိုင်းယှဉ်ရင် မြန်မာနိုင်ငံဟာ ကမ္ဘာ့အခင်းအကျင်းသစ်မှာ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်မယ့် အခြေအနေသာမက ကမ္ဘာ့အင်အားကြီးနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်နိုင်တဲ့အခွင့်အရေးရရှိခဲ့ပါတယ်။ နောက်ထပ် မြန်မာနိုင်ငံအတွက် ရရှိတဲ့အကျိုးကျေးဇူးတွေကတော့ အမျိုးသမီးရေးရာအခန်းကဏ္ဍကို နိုင်ငံတကာအထိ ထိုးဖောက်နိုင်မယ့်အခွင့်အရေး၊ မြန်မာ့တပ်မတော်ကို ကမ္ဘာ့နိုင်ငံများရဲ့ တပ်မတော်များနဲ့ ရင်ပေါင်တန်းနိုင်မယ့်အခွင့်အရေး၊ မြန်မာနိုင်ငံရဲ့အနာဂတ် ပိုမိုတောက်ပလာမယ့်အခွင့်အရေးတွေကို ဆောင်ကြဉ်းပေးနိုင်ခဲ့တာဖြစ်ပါတယ်"**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**တောင်တွင်းကြီး မေ ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသေးစားထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကြီးအင်းကုန်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မကွေးခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြသက်ထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။


အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တောင်တွင်းကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၇ ရက်မှ ဇွန် ၂၀ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ယာပုံ)

**နောင်နောင် (မိဿနိုးမြေ)**

၀-၀-၀-၀-၀

၀-၀-၀



**သစ်ပင်စိုက်ပါ တို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ။**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲဖျော်ဖြေမှု ကြည့်ရှုအားပေး





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေ ပဒေသာကပွဲဖျော်ဖြေမှု ကြည့်ရှုအားပေးစဉ်။

ရန်ကုန် မေ ၁၀

ငလျင်ဘေးဒဏ်သင့် ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲဖျော်ဖြေမှုကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူများ ကြည့်ရှုအားပေးကြသည်။

## တစ်မိနစ်ငြိမ်သက်ဆုတောင်း

ရန်ပုံငွေ ပဒေသာကပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဖျော်ဖြေမှုအစီအစဉ်များကို စတင်ရာ ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်မှုနှင့် ထောက်ပံ့ခဲ့မှု မှတ်တမ်းဗီဒီယိုကို ပြသပြီး ငလျင်ဘေးဒဏ်တွင် ထိခိုက်သေဆုံးခဲ့သူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာ ပို့သကြသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာမည်ကျော် အနုပညာရှင်များ၏ ရုပ်ရှင် တေးသီချင်းများဖြင့် လည်းကောင်း၊ အောင်ခင်မင်း ရုပ်ရှင် ထုတ်လုပ်ရေးက စီစဉ်တင်ဆက်သည့် ဒါရိုက်တာသန်းထိုက် (ရွှေရိပ်)၊ သရုပ်ဆောင်များ ဖြစ်ကြသည့် ကျော်ထက်အောင်၊ ကျော်ထက်ဇော်၊ မင်းတော်ဝင်၊ ခင်ဇာခြည်ကျော်၊ အေးဝတ်ရည်သောင်း၊ မမဆောင်းနှင့် သရုပ်ဆောင်များစွာပါဝင်သော "အချစ်ဆုံးအပေါင်ဆိုင်" ဟာသတစ်ခန်း ပြဇာတ်ဖြင့် လည်းကောင်း၊ HEY Play Application က စီစဉ်တင်ဆက်သည့် ဒါရိုက်တာ တင်မောင်ဆန်းမင်းဝင်း၏ နက္ခတ်၊ စိုင်းစည်တွမ်ခမ်း၊ နေထွဋ်၊ နော်ဖောအယ်ထား၊ မေပန်းချီ၊ မေလသံစဉ်နှင့် သရုပ်ဆောင်များစွာပါဝင်သော"ပြည်သူ့အချော တော်" တေးသရုပ်ဖော်ပြဇာတ်ဖြင့်လည်းကောင်း၊ ဘိုဘို ရုပ်ရှင်ထုတ်လုပ်ရေးနှင့် Triple Six ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းတင်ဆက်သည့် ဒါရိုက်တာ စိုးမိုးမင်း၊ သက်ဦးမောင်၊ သရုပ်ဆောင်ကောင်းမြတ်စံ၊ ရှင်မွေလ၊ မင်းဘုန်းမြတ်၊ ခြူးလေး၊ ခြူးစစ်ဟာန်တို့နှင့် သရုပ်ဆောင်များစွာ ပါဝင်သော "ငါတို့အားလုံးလူ… အတူတူ" ပြဇာတ်ဖြင့် လည်းကောင်း၊ ဒါရိုက်တာညိုမင်းလွင်၏ ရန်အောင်၊ သားညီ၊ မာန်ဟိန်း၊ စည်သူမောင်၊ မြယာတို့နှင့် သရုပ်ဆောင်များစွာ ပါဝင်သော "ဖုတ်သွင်းရထား" ပြဇာတ်ဖြင့် လည်းကောင်း၊ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ၏ သရုပ်ဆောင်နေတိုး၊ ကျော်ကျော်ဗိုလ်၊ ထွန်းထွန်း၊ ရဲလေးနှင့် သရုပ်ဆောင်များ၊ အကအဖွဲ့များ ပါဝင်သည့် "မနက်ဖြန်များ လှပါစေ" တေးအော်ပရာဖြင့် လည်းကောင်း ဝေဝေဆာဆာ ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ငလျင်ဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေဈေးရောင်းပွဲတော်ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

## အလှူငွေများ ထည့်ဝင်

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ဒေသများပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတရန်ပုံငွေ ပဒေသာကပွဲကြီးတွင် သဒ္ဓါတရားထက်သန်ကြသည့် ပြည်သူများက ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေများ ထည့်ဝင်ခဲ့ကြသည်။ မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ အမှတ်(၁၈-A) ၌ စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်ခန်းမ၌ Myanmar Land & Development Ltd Project Director ဒေါ်ယုယုနိုင်က စာဆိုဗိမာန်အဆောက်အအုံ ရာခိုင်နှုန်းအလိုက် တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုတည်ဆောက်နေသော စာဆိုဗိမာန်သည် နိုင်ငံတကာ အထောက်အပံ့ဖြင့် တည်ဆောက်နေသည့် တစ်ခုတည်းသော စာဆိုဗိမာန်ကြီး တစ်ခုဖြစ်ပြီး ငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံဖြစ်ရန်နှင့် တည်ဆောက်မှုတွင် မြန်ဆန်မှန်ကန်စွာ လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံသည် စာဆိုဗိမာန်အင်္ဂါရပ်နှင့်အညီ လာရောက်လေ့လာသူများ စိတ်ဝင်တစား ကြည့်ရှုခံစားနိုင်ရန် ပြင်ဆင်စုဖွဲ့ တည်ဆောက်ထားရန်လိုအပ်ကြောင်း မှာကြားသည်။

## တက်ရောက်အားပေး

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ The Central Boulevard ၏ Public Area Zone ၌ ကိုရီးယားနိုင်ငံမှ လာရောက်စီစဉ်ကျင်းပသည့် "ငလျင်ဘေးသင့် ဒေသများအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေ ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေပွဲ" ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးနှင့် ကိုရီးယား - Seak dong အနုပညာယဉ်ကျေးမှုစင်တာ၊ ဆိုးလ်ခရိုင်ခွဲ၊ KK Media နှင့် CST Myanmar ကုမ္ပဏီ၊ ကိုရီးယားနိုင်ငံ ဆိုးလ်အထူးမြို့၊ K Tourism Council နှင့် ဂျုံးနီးခရီးသွားလာရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများ၊ K pop အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံမှ တာဝန်ရှိသူများက "ငလျင်ဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေ ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေပွဲ" ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကိုရီးယားရိုးရာ တူရိယာပညာရှင် Ms. Han Chae Wan က တီးခတ်ဖျော်ဖြေပြီး Solo Artist Henny က K-pop danceဖြင့် ကပြဖျော်ဖြေသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားသည်။

## K pop အဖွဲ့များ ဖျော်ဖြေတင်ဆက်

ယင်းနောက် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်အမတ် Mr. Kim Yong Ho က ပေးပို့သည့် Video Message ကို ဖွင့်လှစ်ပြသသည်။ ထို့နောက် ကိုရီးယားနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ ခရီးသွားလုပ်ငန်းကောင်စီ(K Tourism) ၏ ဥက္ကဋ္ဌ Mr. Song Chang Yong က နှုတ်ခွန်းဆက်ပြောကြားပြီး ကိုရီးယားနိုင်ငံ KK Media (မြန်မာ) ၏ Director Mr. Cho Sung Woo က "ငလျင်ဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေ ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေပွဲ" ပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကိုရီးယားနိုင်ငံမှ K pop အဖွဲ့များ ဖြစ်ကြသည့် "Girls Alert"၊ "Layers Dance အဖွဲ့နှင့် Dream Kids" အဖွဲ့တို့က ဆက်လက်၍ ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ကိုရီးယား K Tourism Council မှ ဥက္ကဋ္ဌ Mr. Song Chang Yong တို့က ဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် ကိုရီးယားအနုပညာရှင်များအား အမှတ်တရ ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တာဝန်ရှိသူများနှင့် အတူ ဈေးရောင်းပွဲတော်အတွင်း ကိုရီးယားရိုးရာ အစားအစာများ ရောင်းချရန်နှင့် ရိုးရာကစားနည်းများတွင် ပါဝင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ ငလျင်ဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေ ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေပွဲကို ကိုရီးယား- Seak dong ယဉ်ကျေးမှုစင်တာ၊ ဆိုးလ်ခရိုင်ခွဲ၊ KK Media နှင့် CST Myanmar ကုမ္ပဏီတို့ ပူးပေါင်း၍ မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိတစ်ကြိမ်နှင့် ညနေ ၄ နာရီမှ ည ၉ နာရီအထိ တစ်ကြိမ် စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဈေးရောင်းပွဲတော်တွင် ကိုရီးယား အစားအစာများကို သင့်တင့်သည့် ဈေးနှုန်းဖြင့် ရောင်းချသွားမည့်အပြင် ကိုရီးယားရိုးရာကစားနည်းများကိုလည်း အခမဲ့ဝင်ရောက်ကစားနိုင်ရေး ထည့်သွင်းထားရှိကြောင်း၊ ထို့ပြင် ကိုရီးယားနိုင်ငံတွင် ကြယ် (၂)ပွင့်မှ ကြယ်(၄)ပွင့်အဆင့်အထိ ရရှိထားကြသည့် K Pop အဖွဲ့များ၏ ဖျော်ဖြေမှုများနှင့် "ကြယ်များရဲ့ဥယျာဉ်" Animation ရုပ်ရှင်နှင့် "ပေါင် ၂၀၀ အလှ" ရုပ်ရှင်များကိုလည်း အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ဈေးရောင်းပွဲတော်မှ ရရှိလာမည့်ငွေများကို မေ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီမှ ကော်မတီဝင်များ၊ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအီလက်ထရောနစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီမှ ကော်မတီဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ကော်မတီများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်း ကော်မတီအနေဖြင့် အတိုင်ပင်ခံအကြံပေးများခေါ်ယူ၍ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ရာ မဟာဗျူဟာအစီအစဉ် (Strategic Plan) နှင့် လုပ်ငန်းစဉ်များ (Tactical Plan)ပေါ်ထွက်လာစေရန်အတွက် ကော်မတီတစ်ခုချင်းအလိုက် မဟာဗျူဟာများရေးဆွဲခြင်း၊ ဦးတည်အုပ်စုသတ်မှတ်ခြင်း၊ ကာလတိုကာလရှည် မျှော်မှန်းရလဒ်များ၊ စိန်ခေါ်မှုများ၊ အထောက်အပံ့များ စသည့်အချက်များကို ဆွေးနွေးကြပြီး စောင့်ကြည့်သုံးသပ်မှုများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လူငယ်ကဏ္ဍ (၁၆)ရပ်၏ အကောင်အထည်ဖော်မှုများကို များစွာအထောက်အပံ့ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နီးကပ်လာပြီဖြစ်သည့်အတွက် အဖွဲ့ချုပ်မှ စည်းမျဉ်း စည်းကမ်းများအတိုင်း တိကျမှန်ကန်စွာ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိန်ခေါ်မှုအကန့်အသတ်များထဲမှ ကြိုးစားဆောင်ရွက်ပေးနေသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ပြည်တွင်း ပြည်ပပြိုင်ပွဲများ ကျင်းပပေးပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုများရရှိအောင် အဖွဲ့ချုပ်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ (ဝဲပုံ)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေးအတွက် ဆွေးနွေးခဲ့ကြပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ငွေလျာ်ဒဏ်ခံရသော ဝန်ထမ်းများအတွက် လှူဒါန်းငွေကျပ် ၂၅ သိန်းကို မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# အသားထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေးနှင့် အရည်အသွေးမြင့် ပို့ကုန်အဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး ဆွေးနွေး

နေပြည်တော် မေ ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ကွင်းကြီးကျေးရွာရှိ ဒေါက်တာ အောင်မိုး၏ အသားတိုးကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး အသားတိုးကြက် အကောင်ရေ ၁၂၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ အသားကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ၊ မွေးမြူရေးကို အခြေခံသည့် ခေတ်မီ ကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနေသကဲ့သို့ အသေးစားမွေးမြူရေး လုပ်ကိုင်သူများနှင့် မွေးမြူရေးခြံ တည်ထောင်ဆောင်ရွက် လုပ်ကိုင်လိုသူများအား ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများက လက်တွဲခေါ်ယူ ပူးပေါင်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာ့ဆန်စပါး သုတေသနဌာနသို့ ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်မြောက်ပိုင်း ခရိုင်နှင့် မြို့နယ်များမှ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်၏ အဓိကရိက္ခာသီးနှံဖြစ်သော ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ရန်၊ ဒေသနှင့်သင့်လျော်သည့် အထွက်ကောင်း အရည်အသွေးကောင်း သီးနှံမျိုးများနှင့် စပ်မျိုးများ သုတေသနပြုမျိုးမွေးမြူ ရွေးချယ်ပေးခြင်း၊ လက်တွေ့အသုံးချ သုတေသနရလဒ်များအား သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ ဌာနများနှင့် ပူးပေါင်း၍ တောင်သူလက်ဝယ်အရောက် ပို့ဆောင်ပေးကြရန် လိုအပ်ချက်များနှင့် အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာရှိ HWA Co FUN., Ltd. နို့စားနွား မွေးမြူရေးခြံ၏ နို့ပေးနွား၊ နို့စားနွားမဒန်း၊ နို့စားနွားအငယ် အကောင်ရေ ၂၇၈ ကောင် မွေးမြူထားရှိမှု၊ နွားစာမြက် စိုက်ပျိုးထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



အလားတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပဲခူးခရိုင်အတွင်းရှိ မွေးမြူရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အသား/ငါး အာဟာရကို ပြည်သူများ ပြည့်ဝဖူလုံစွာ စားသုံးနိုင်ရေး၊ အသား/ငါး ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေးနှင့် အရည်အသွေးမြင့် ပို့ကုန်အဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်မှုမြင့်မားသော မျိုးများရွေးချယ်မွေးမြူကြရန်နှင့် ဒေသတွင်း သင့်တင့်သော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး ဆွေးနွေးသည်။

ယင်းနောက် သနပ်ပင်မြို့နယ် ဖရဲကျေးရွာ ဒေါ်လီရင်ဟွေ၏ ခေတ်မီအသားစားကြက် အကောင်ရေ ၁၅၀၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ ကမာခဲကျေးရွာ မွေးမြူရေးတောင်သူ ဦးဝင်းထိုက်မောင်၏ လျှာပကစ်လမ်းခွဲတွင် ကာကီကင်းဘဲ အကောင်ရေ ၃၆၈၀၀ နှင့် ကလိုင်တံတားအနီးခြံတွင် ကာကီကင်းဘဲ အကောင်ရေ ၃၂၀၀ မွေးမြူထားပြီး ဒေသတွင်း ဘဲဥဖြန့်ဖြူးရောင်းချပေးနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ဒုတိယဝန်ကြီးသည် သနပ်ပင်မြို့နယ် အောက်စုပိုင်ရွာ တောင်သူ ဦးမင်းနိုင်၏ နွေစပါးမှယင်းနှစ်သီး စံပြကွက်ကိုလည်းကောင်း၊ သနပ်ပင်မြို့နယ် ကမာစစ်စံပြကျေးရွာရှိ မေတိုးတက်အောင် ကုမ္ပဏီလီမိတက် ငါးမွေးမြူရေးလုပ်ငန်း၌ ငါးသိုင်းခေါင်းပွ၊ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်းငါးများ မွေးမြူထားရှိမှုကို လည်းကောင်းကြည့်ရှုပြီး မွေးမြူထုတ်လုပ်မှုတိုးချဲ့ရေး၊ ကောင်းမွန်သော ငါးမွေးမြူရေး ကျင့်စဉ် GAqP (ဂျီအေကျူပီ) စနစ်ကို လိုက်နာကျင့်သုံးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

## ပေါင်းစပ်ညှိနှိုင်း

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ နန်းဦးရပ်ကွက်ရှိ မဟာယဂံဏစေတီ၌ လျှင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှပူးပေါင်း၍ ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## အိမ်နမူနာပုံစံဆောက်လုပ်နေ

ထို့နောက် ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့် အားကစားခန်းမ၌ ဇေယျာရပ်ကွက်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး/ ဒဏ်ရာရ မိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ်သိန်း ၆၁၇၆၅၀၀၀၊ အာဆီယံ လူသားချင်းစာနာထောက်ထားမှု ကူညီရေးညှိနှိုင်းမှု ဗဟိုဌာန (AHA Center) မှ မီးဖိုချောင်သုံးပစ္စည်းများနှင့် ဘရူနိုင်းနိုင်ငံမှ တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက နိုင်ငံတော်မှ ထောက်ပံ့ပေးသောငွေကြေးများ၊ ထောက်ပံ့ပစ္စည်းများ၊ ရိက္ခာများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားကာ ပြည်သူများလက်ဝယ်သို့အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့အား ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက လက်ဆောင်ပစ္စည်းများပေးအပ်ပြီး တန်ဖိုးသင့် လူနေအိမ်နမူနာပုံစံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီ နှင့် ပါရမီရပ်ကွက်ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော လူနေအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှ ပူးပေါင်း၍ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်၊ သောတပန်ရပ်ကွက်ရှိဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်တို့တွင် လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှ ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ သံပုဏ္ဏာရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း လျှင်ဘေးသင့် ရဟန်း၊ သံဃာ၊ သီလရှင်၊ ပြည်သူများအတွက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘုံးအိုးကျေးရွာတွင် ဖွင့်လှစ်ထားသော လျှင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ဘုံးအိုးကျေးရွာအုပ်စုအတွင်းရှိ လျှင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ကာ လျှင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၇၀၀ စာအတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့်ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ လျှင်ဒဏ်သင့်ပြည်သူများကိုယ်စား ကျေးရွာမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ မဟာယဂံဏစေတီ၌ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘုံးအိုးကျေးရွာအုပ်စုအတွင်းရှိ လျှင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၇၀၀ စာအတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့်ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

## စနစ်တကျမှတ်တမ်းပြုစု

ဆက်လက်၍ အဆိုပါကျေးရွာတွင် ဖွင့်လှစ်ထားသော လျှင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းရှိ ယာယီဝတ်ပြုဆောင်နေရာသို့လည်းကောင်း၊ လျှင်ဘေးသင့်ပြည်သူများအတွက် ရေရရှိအောင် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး၍ သောက်သုံးရေဖူလုံစွာရရှိရေး စနစ်တကျစီစဉ်ဆောင်ရွက်ပေးရန်၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးနှင့် ယာယီနေထိုင်သူများကို စနစ်တကျမှတ်တမ်းပြုစုထားရှိစေရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## အမြန်ဆုံးဆောင်ရွက်

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ချမ်းသာရဆုတောင်းပြည့်မြတ်စွာဘုရား၊ အောင်မြေသာစံမြို့နယ်ရှိ ရာဒါကစ္စနာ ဟိန္ဒူဗုဒ္ဓဘာသာဘုရားကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မိုးကုတ်ဝိပဿနာ သာသနာ့ရောင်ခြည်ဓမ္မရိပ်သာအတွင်းရှိ ငွေကမ္ဘာကျောင်းဆောင်၊ လေးကျွန်းမာန်အောင်စေတီ၊ ရန်ဘေးကင်းရှောင်မြတ်ထွဋ်ခေါင် စေတီ၊ ငါးပါးမာန်အောင်ထွဋ်ထိပ်ခေါင်စေတီ၊ ပြည်လုံးချမ်းသာရေကန်၊ အမှတ်(၃၉)၊ အမရပူရမြို့နယ်ရှိပွဲပါမင်းကျောင်းတိုက်နေရာများရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံ အပျက်အစီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုအားပေးပြီး ဆရာတော်ကြီးများအား အလှူငွေများပေးအပ်လှူဒါန်းကာ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီပုထိုးများမှ အပျက်အစီးများရှင်းလင်းစဉ် ပြန်လည်သိမ်းဆည်းတွေ့ရှိရသော ဌာပနာပစ္စည်းများအား စနစ်တကျထားရှိ ထိန်းသိမ်းရန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမရပူရမြို့နယ် မိန်းတန်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများစုပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူ ကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ လျှင်ဘေးဒဏ်သင့်ပြည်သူများ၏ ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ပြည်သူများ၏ လက်ဝယ်သို့ စနစ်တကျတိုက်ရိုက်ရောင်းချပေးနေသည်ဖြစ်ကာ လျှင်ဒဏ်ကြောင့် အမှန်တကယ်လိုအပ်လျက်ရှိသော ပြည်သူများကိုသာ စနစ်တကျ စိစစ်၍ ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့မိမြို့ဖများနှင့် လာရောက်ဝယ်ယူသည့် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စု ပလိပ်မြွေဘုရားဝင်းအတွင်း၌ လျှင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် ဘုရားစေတီများနှင့် သာသနိက အဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြိုကျပျက်စီးနေသော

စာမျက်နှာ ၁၃ သို့

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် အောင်မြေသာစံမြို့နယ်တွင် ယာယီအဆောက်အအုံများ ဆောက်လုပ်နေမှုတို့အား လိုက်လံကြည့်ရှု

**မန္တလေး မေ ၁၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအတွင်း၊ အပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ သာသနာနှစ် ၂၅၆၈ နှစ်ပြည့်ပြီး ၂၅၆၉ နှစ်သို့ ကူးပြောင်းရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ၊ နိုင်ငံသားများဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၁၁ ရက်တွင် ကျင်းပမည့် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်များကိုယ်စား ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အမှူးပြုပြီး ဆရာတော်၊ သံဃာတော် ၁၀၈ ပါးအား ပင့်ဖိတ်၍ ဆွမ်း ဆန်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ အစရှိသည့် လှူဖွယ်များနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ရေစက်ချ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဝန်ထမ်းများ မိုးမကျမီ အမိုးအကာအောက် နေရာချထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားသည့် အောင်မြေသာစံမြို့နယ်ရှိ ယခင် ရတနာပုံရေကူးကန်ဝင်းအတွင်း ယာယီပြောင်းရွှေ့နေထိုင်ကြမည့်သူများအတွက် အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရန် ယာယီအဆောက်အအုံငယ်များ တည်ဆောက်ထားမှု၊ လျှပ်စစ်မီး ၊ သောက်သုံးရေးနှင့် Mobile Toilet များ စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)
















# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်





**မန္တလေး မေ ၁၀**

မန္တလေးငလျင်ကြီးကြောင့် တိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ခံခဲ့ရသည့်နေရာများတွင် ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ မဖြစ်မနေလိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် အမှန်တကယ်လိုအပ်သူများထံ ရောင်းချပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းဖြစ်ပါကြောင်း၊ ငလျင်ဒဏ်သင့်နေရာများမှ တစ်စိတ်တစ်ပိုင်း ထိခိုက်ပျက်စီးသွားသည့် လူနေအဆောက်အအုံများ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရန်အတွက် ကနဦးအနေဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း၊ အဆောက်အအုံပြိုကျပျက်စီးသွားသူများအတွက်လည်း ဆက်လက်ရောင်းချပေးသွားမည့် အစီအစဉ်များလည်း ဆောင်ရွက်ထားပါကြောင်း၊ ဈေးနှုန်းသက်သာပြီး အရည်အသွေးမီ အာမခံချက်ရှိသည့်ပစ္စည်းများကို လွယ်ကူစွာ ဝယ်ယူအသုံးပြု၍ အဆောက်အအုံများ မြန်ဆန်စွာဆောက်လုပ်နိုင်ရေး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်၏ မူဝါဒများအတိုင်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဈေးနှုန်းမြှင့်တင်၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်းများ မရှိစေရေး ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ရောင်းချပေးမှုအစီအစဉ်များ၌ အလေအလွင့်မရှိစေရေး၊ စာရင်းဇယားများတိကျမှန်ကန်ရေး၊ အဆောက်အအုံများ မြန်ဆန်စွာ ဆောက်လုပ်သွားနိုင်ရေး၊ လုပ်ငန်းများ ကြန့်ကြာမှုမရှိစေရန် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တက်ရောက်လာသည့်လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးချက်များ၊ ရှင်းလင်းတင်ပြချက်များနှင့် အကြံပြုတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အဆိုပါ သံ၊ သံမဏိ၊ ဘိလပ်မြေနှင့်အိမ်ဆောက်ပစ္စည်းများကို ရောင်းချပေးရန် လျာထားနေရာများအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## မန္တလေးတွင် လေပြင်းတိုက် မိုးသည်းထန်စွာရွာသွန်းချိန် သစ်ပင်များ၊ ဓာတ်တိုင်များ လဲပြိုခြင်းတို့ အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဆောင်ရွက်



**မန္တလေး မေ ၁၀**

မန္တလေးတွင် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းကာ မိုးသီးများ ကြွေကျသည့် ဖြစ်စဉ်တွင် မြို့တွင်း သစ်ပင်များနှင့် ဓာတ်တိုင်လဲပြိုခြင်းတို့ရှိခဲ့ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ လုပ်ငန်းဌာနခွဲမှ အချိန်နှင့်တစ်ပြေးညီ ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"လေပြင်းတိုက်တဲ့အခါ သစ်ပင်လဲတာ၊ ဓာတ်တိုင်လဲတာတွေ ဖြစ်နိုင်တယ်။ ဒါကြောင့် ပန်းဥယျာဉ်နဲ့ ကစားကွင်းများဌာန၊ လုပ်ငန်းဌာနခွဲဖြစ်တဲ့ (၆)မြို့နယ် သန့်/သာအဖွဲ့ မိုးလေကျတာနဲ့ အသင့်အနေအထားရှိနေခဲ့ပါတယ်။ မိုးတိပ်တာနဲ့ သစ်ပင်လဲပြိုတာတွေ လိုက်လံဖယ်ရှားရှင်းလင်းပြီး လမ်းဖွင့်တဲ့လုပ်ငန်းဆောင်ရွက်ကြပါတယ်"ဟု ယင်းဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

လေပြင်းတိုက်ခတ်သည့် ဖြစ်စဉ်ကြောင့် အပင်လိုက်လဲမှု (၁၀) ခုနှင့် သစ်ကိုင်းကျိုးကျမှု (၅) ခုရှိကြောင်း၊ သီရိမာလာကားကွင်းတွင် လဲကျသည့် ဓာတ်တိုင်ကို အဆောက်အအုံနှင့်ကုန်ရုံဌာနနှင့်လည်းကောင်း ၊ ၄၁ လမ်းနှင့် လမ်း ၇၀ နှင့် ၇၂ လမ်းတွင် မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

"သုမ္မောဇရပ်တန်းက အပင်လဲကျတာနဲ့ သစ်ကိုင်းကျိုးတဲ့ အပင် နှစ်ပင်က ကျောက်တော်ကြီးဘုရားဝင်းထဲမှာ ရှိနေလို့ မနက်ဖြန်မှာ ရှင်းလင်းမှာပါ။ ရေစစ်ကန်နားက ပျိုးခြံအရှေ့ဘက်မှာ သစ်ပင်လဲကျတာကိုတော့ အိမ်ရှင်က ရှင်းသွားမယ်လို့ ပြောတော့ ဌာနက လုပ်မပေးခဲ့ရပါဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သီရိမန္တလာကားကွင်းတွင် ဓာတ်တိုင်လဲပြိုခြင်းနှင့် လဲမှိုပင် လဲပြိုခြင်း၊ သိပ္ပံလမ်း၊ ကညန ရှေ့ သစ်ကိုင်းကျိုးကျခြင်း၊ ၃၆ လမ်း၊ မဟာမြိုင်ဝန်ထမ်းအိမ်ရာတွင် သရက်ပင်သစ်ကိုင်းကျိုးကျခြင်း၊ ရန်ကုန်-မန္တလေး လမ်းတစ်ဖက်ရှိ ဆိုင်ကယ်လမ်းတွင် သစ်ကိုင်းများကျိုးကျသဖြင့် လမ်းဖွင့်ပေးခြင်းတို့ကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

*စာမျက်နှာ ၁၀ မှ*

အပျက်အစီးများအား အမြန်ဆုံးရှင်းလင်းဖယ်ရှားဆောင်ရွက်ရန်၊ ဘုရားစေတီများ ပြန်လည်ပြုပြင်တည်ထားပူဇော်နိုင်ရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ရန်၊ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ရှေးမူမပျက်ပြုပြင်နိုင်ရေးအတွက် အမျိုးသားယဉ်ကျေးမှုနှင့် ရှေးဟောင်းသုတေသနဦးစီးဌာနသို့ တင်ပြပြီး ဆောင်ရွက်သွားရန်နှင့် ဘုရားဂေါပကအဖွဲ့များ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### ယာယီရုံးတည်ဆောက်နေ

ထို့နောက် စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်ရန်အတွက် Modular Container House များ တပ်ဆင်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၌ ငလျင်ဒဏ်ကြောင့် ပျက်စီး/ပျောက်ဆုံးခဲ့သော နိုင်ငံသားမှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများအား ပြန်လည်ပြုလုပ်ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနယာယီရုံးတည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### Modular Container House များ တပ်ဆင်

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် မြို့နယ်မြေစာရင်းဦးစီးဌာနရုံး၌ ယာယီရုံးဖွင့်လှစ် ဆောင်ရွက်ရန်အတွက် Modular Container House များ တပ်ဆင်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# ပြည်လုံးချမ်းသာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတည်ဆောက်ခြင်း (၂၅)နှစ်ပြည့် အခမ်းအနား ကျင်းပ

**မန္တလေး မေ ၁၀**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း၊ ရဲဘော်ကွက်သစ်ရပ်ကွက်ရှိ နိုင်ငံတော်အစိုးရ(ဒုတိယအဆင့်) အသိအမှတ်ပြု "ပြည်လုံးချမ်းသာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ တိုင်းရင်းသားမိဘမဲ့ကလေးများ စောင့်ရှောက်ရေး" ကျောင်းတည်ထောင်ခြင်း(၂၅)နှစ်ပြည့် ငွေရတုနှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကို မေ ၉ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတိုက်တွင် ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါဝရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ၊ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝါသဝသီရိတို့ အမှူးပြုသော ပင့်သံဃာဆရာတော်ကြီး(၄၈)ပါးကြွရောက်ချီးမြှင့်တော်မူကြသည်။

ရှေးဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီးနောက် တိုင်းသံဃနာယက အကျိုးတော်ဆောင်ဆရာတော်ကြီးထံမှ တက်ရောက်လာကြသည့် အလှူရှင်၊ ကုသိုလ်ရှင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများက ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်သည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ ပင်မကုသိုလ်ရှင် ဦးသက်ဇော်ဝင်း+ဒေါ်ယဉ်ယဉ်ထက် မိသားစုက တိုင်းသံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော သံဃာတော်အရှင်မြတ်များက နဝကမ္မဝတ္ထုငွေနှင့် သင်္ကန်း အစရှိသော လှူဖွယ်ခြင်းတို့ကို အသီးသီးဆက်ကပ်လှူဒါန်းပြီးနောက် အကျိုးတော်ဆောင် ဆရာတော်ကြီးထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားနာယူကာ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ ထို့နောက် ပင့်သံဃာဆရာတော်ကြီးများအား အလှူရှင်မိသားစုများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ကျောင်းတိုက်(၂၅)နှစ်ပြည့် ငွေရတုနှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်ကြပြီး ကျောင်းတိုက်တည်ထောင်သည့် ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလ(ဓမ္မာစရိယ B.A)ဆရာတော်အား ရှိခိုးကန်တော့ကာ မြို့တော်ဝန်နှင့်ဇနီး၊ မိသားစုက လူမျိုးစုံတိုင်းရင်းသား၊ တိုင်းရင်းသူ မိဘမဲ့ကလေးများအတွက် ဘက်စုံအသုံးပြုနိုင်ရန် အလှူငွေကျပ်(၁၀)သိန်းကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က သာဓုအနုမောဒနာခေါ်ဆိုပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

# ပွင့်ဖြူမြို့နယ် စံပြကျေးရွာတွင် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပ



**ပွင့်ဖြူ မေ ၁၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA)က မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထုတ်လုပ်သူနှင့် စားသုံးသူပါ ဘေးကင်းလုံခြုံသော အရည်အသွေးမြင့် သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်ရွယ်ပြုလုပ်သည့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲကို မေ ၈ ရက်က ပွင့်ဖြူမြို့နယ်၊ စံပြကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA) ဥက္ကဋ္ဌ ဦးမြင့်အောင်က သီးနှံများစိုက်ပျိုးရာတွင် ထုတ်လုပ်သူနှင့် စားသုံးသူပါ ဘေးကင်းလုံခြုံပြီး အရည်အသွေးကောင်းသော သီးနှံများ စိုက်ပျိုးထွက်ရှိစေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်မှု အခြေအနေများ၊ သဘာဝမြေဩဇာနှင့် သဘာဝဆေးများ ပြုလုပ်သုံးစွဲခြင်း၏အကျိုးကျေးဇူးများ၊ မြို့နယ်တောင်သူဖွံ့ဖြိုးရေးအသင်းမှ ဒေသအတွင်း တောင်သူအကျိုးပြုဆောင်ရွက်နေသည့် လုပ်ငန်းစဉ်(၇)ရပ်နှင့် ရေသွင်းနှမ်းများပေါ်ချိန်တွင် စိုက်ပျိုးတောင်သူများအတွက် သင့်တင့်သောဈေးနှုန်းများ ရရှိစေရန် တောင်သူစုပေါင်းသီးနှံရောင်းချ ပွဲကျင်းပမည့် အခြေအနေများ ကို အသိပညာပေး ရှင်းလင်း ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်တောင်သူအကျိုးဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက သဘာဝစိုက်ပျိုးရေး သွင်းအားစုပစ္စည်းများ ထုတ်လုပ်နည်းပညာများနှင့် အသုံးပြုပုံနည်းစနစ်များ၊ မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းစနစ်များကို အသိပညာပေး ဆွေးနွေးဟောပြောသည်။ ထို့နောက် တက်ရောက်လာသည့် ကျေးရွာတောင်သူအကျိုးဆောင်ကော်မတီဝင်များနှင့် ဒေသခံပြည်သူများက စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အရည်အသွေးကောင်းမွန်သော သီးနှံများ ရရှိစေရန် လိုက်နာရမည့်အချက်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးသည်။

အဆိုပါတောင်သူပညာပေးဆွေးနွေးပွဲသို့ မြို့နယ်တောင်သူအကျိုးဆောင်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာတောင်သူအကျိုးဆောင်ကော်မတီဝင်များ နှင့် ဒေသခံတောင်သူများ တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဓဲပုံ)

(၄၄၅)

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၆)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ကိုမို | ၃ - ၁ | ကယ်ဂလီယာရီ |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅) အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ပလင်စီယာ | ၃ - ၀ | ဂီတာဖေး |
| ဆဲလ်တာဗီဂို | ၃ - ၂ | ဆီဗီလာ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၃)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဝါဒါဘရီမင် | ၀ - ၀ | လိုက်ပဇစ် |
| ယူနီယံဘာလင် | ၀ - ၃ | ဟိုင်ဒင်ဟိမ်း |
| ဘိုချန် | ၁ - ၄ | မိန့်ဇ် |
| ဟော်ဖင်ဟိုင်း | ၁ - ၂ | ဖရိုင်းဘတ် |

| အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၆)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဖူလ်ဟမ် | ၁ - ၃ | အဲဗာတန် |
| အစ်ဆွစ်ချ် | ၀ - ၁ | ဘရန့်ဖို့ဒ် |
| ဆောက်သမ်တန် | ၀ - ၀ | မန်စီးတီး |

# မန္တလေးငလျင်ကြောင့် ပျက်စီးသွားသည့် အိမ်ထောင်စုဇယား ၊ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ အခမဲ့ ကွင်းဆင်းဆောင်ရွက်

**အမရပူရ မေ ၁၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ဦးစီးမှူးရုံးမှ ငလျင်ဒဏ်သင့်ပြည်သူများ၏ ပျောက်ဆုံး၊ ပျက်စီးသွားသော အိမ်ထောင်စုဇယားများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ နံပါတ်ဆယ်လုံးပါ UID ကတ်များကို အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စုရှိ တောင်ယဉ်ပုံကျေးရွာ ငလျင်ရှောင်ယာယီစခန်းတွင် မေ ၈ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ



မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီး၊ ပျောက်ဆုံးသွားသည့် အိမ်ထောင်စုဇယား ၁၅ ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၀ နှင့် နံပါတ်ဆယ်လုံးပါ UID ကတ် ၅၀ ခုတို့ကို တိုက်နယ်မှူး ဒုတိယလဝကမှူး ဒေါ်ထွေးထွေးဝင်း ဦးဆောင်သောအဖွဲ့မှ အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်လဝကဦးစီးမှူး ဦးတင်ကိုကိုဝင်းထံမှ သိရသည်။

**စိုးသီဟ(အမရ)**

၀-၀-၀-၀-၀

# ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲကျင်းပ

**လွိုင်လင် မေ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ အင်ခစ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ပေ(၆၀ × ၃၀) RCC တစ်ထပ် ကျောင်းဆောင်သစ်နှစ်လုံးအား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဆောင်သစ်ရှေ့တွင် ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနား အစီအစဉ် ပထမပိုင်းတွင် ကျောင်းဆောင်သစ်အား ကမ္ဘောဇ ဖောင်ဒေးရှင်းနာယက ဦးအောင်ကိုဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်၊ ခရိုင်ပညာရေးမှူး ဒေါက်တာမြင့်မြင့်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်နှင့် ရပ်မိရပ်ဖ ဦးခွန်ထွန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ ကမ္ဘောဇအုပ်စု ဒုတိယဥက္ကဋ္ဌက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို နာယက ဦးအောင်ကိုဝင်းက လွှဲပြောင်းပေးအပ်ရာ ခရိုင်ပညာရေးမှူးက လက်ခံရယူပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် အင်ခစ်ကျေးရွာ မူလတန်းလွန်ကျောင်းတွင် တာဝန်ထမ်းဆောင်သည့် ဆရာမများအတွက် ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ကျောင်းသုံးပရိဘောဂများ ထပ်မံဝယ်ယူရန် အလှူငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ အင်ခစ်ကျေးရွာသစ်သို့ ပြောင်းရွှေ့ကြမည့် အိမ်ထောင်စု ၃၇ စုအတွက် စရိတ်ငွေကျပ်သိန်း ၁၁၇၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်သည် ၂၀၂၄ခုနှစ်၊ စက်တင်ဘာလအတွင်း ရာဂီမုန်တိုင်းဒဏ်ခံခဲ့ရသည့် လွိုင်လင်မြို့နယ်၊ အင်ခစ်ကျေးရွာအတွက် ကမ္ဘောဇ ဖောင်ဒေးရှင်းမှ လှူဒါန်းငွေကျပ် ၂၈၈ သန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**မိုင်းစံ မေ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရှမ်းစာပေနှင့် ယဉ်ကျေးမှုကျောင်းတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး(ကိုယ်စား) ဒေါ်ကေသွယ်စိုးက ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်ကို အသုံးချတတ်စေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာဖတ်ခြင်း အကျိုးကျေးဇူးဆိုင်ရာများနှင့် စာပေဖတ်ရှုခြင်းဖြင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်ပြီး အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

*-*-*-*-*-*-*

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်းများ ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မန္တလေး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာစေရန်၊ ဒေသဖွံ့ဖြိုးရေး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ မေ ၈ ရက် နံနက်ပိုင်းက ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ်၊ တောင်ဘကျေးရွာသို့ ကွင်းဆင်းသွားရောက်ခဲ့သည်။

ရှေးဦးစွာ ခရိုင်ဦးစီးမှူးက တောင်ဘကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ဝင်ငွေတိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများက ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးက လိုအပ်သည့်နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၄၅)**



ဖတ်စရာ၊ မှတ်စရာ

စုံလင်

ယနေ့ဒေါ်လေး

## ဆူ - ဖွား - ပွင့် - စံ

* ဘုရားအလောင်း သုမေဓာ

ဒီပင်ထံပါး ဆည်းကပ်ကာ

တံတားပမာ ခန္ဓာခင်း

ကဆုန်လပြည့် ဗျာဒိတ်လင်း ။

* သုံးလူ့သနင်း ဘဂဝါ

ကဆုန်လပြည့်ခါ

မယ်တော်မာယာ ဝမ်းကြာတွင်း

မီးရှူးဖွားမြင်ခြင်း ။

* ဗောဓိပင်ရင်း ပလ္လင်ဗွေ

ဂုဏ်ကိုးပါးနှင့် ဘုရားဖြစ်ပေ

သစ္စာလေးထွေ ဉာဏ်မြင်ရ

ကဆုန်လပြည့်ပါ ။

* မလ္လမင်းတို့ အင်ကြင်းရဂုံ

ဗိုလ်လူ သိန်းသောင်းစုံ

မဂ်ထီးလှူ ဟောညွှန်ကြား

ခန္ဓာဇာတ်သိမ်းသွား ။

* ငါးပါးမာရ်ယုတ် ပယ်ခွာနှင်

ဗောဓိရွှေပလ္လင်

နှစ်စဉ် နှစ်စဉ် ဆင်ယင်နွှဲ

ညောင်ရေသွန်းတဲ့ပွဲ ။ ။

**ရွှေမင်းသား (စစ်ကိုင်း)**



# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၁၁၇)

## သွယ်အောင်

အောင်တော်မူဘုရားမှ ကျွန်တော်၏ ကြင်ရာဖက်ဇနီးလောင်းနှင့်အတူ စက်ဘီးကလေးစီးကာ ပြန်လာခဲ့ကြသည်။ ထိုစဉ်က အောင်တော်မူဘုရားဝန်းကျင်တစ်ဝိုက်သည် သစ်ပင်ရိပ်ကြီးများနှင့် အေးမြသောနေရာတစ်ဝိုက်လည်း ဖြစ်သည်။ အောင်တော်မူဘုရား တောင်ဘက် လမ်း၃၀ ပေါ်မှ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်လျှင် စိမ်းပြာပြာတောင်တန်းနှင့် ရှမ်းရိုးမလွင်ပြင်ကို တမျှော်တစ်ခေါ် လှမ်းမြင်နေရသည်။

လမ်း ၃၀ အတိုင်း အနောက်ဘက်တည့်တည့်သို့ ဇနီးလောင်းကို စက်ဘီးပေါ်တင်ပြီး စက်ဘီးနင်းရသည်မှာ ကျွန်တော့်အဖို့ ပျော်ရွှင်စရာအလွန်ကောင်းလှပါသည်။ ၇၄ လမ်း ဆေးရုံကြီး အရှေ့ဘက်ရှိ သူနာပြုအဆောင်သို့ သူမအား ထားခဲ့ပြီး ကျွန်တော် တစ်ယောက်တည်း စက်ဘီးစီးကာ ပြန်လာခဲ့သည်။

ဘူတာကြီးရှေ့သို့ ရောက်သောအခါမှ ရထားအလုပ်သမားများ စာကြည့်အသင်းက ကျင်းပသည့် (၁၂)ကြိမ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ် 'အမြင်သစ် နံ့ရံကပ်စာစောင်' ဖွင့်ပွဲကို သတိရမိသည်။ နံနက်က ဖွင့်လှစ်ခဲ့သော ယင်းနံ့ရံကပ်စာစောင်သို့ ကျွန်တော်မရောက်ရှိခဲ့သဖြင့် အောင်တော်မူဘုရားမှ အပြန်လမ်းကြုံသဖြင့် အမြင်သစ်နံ့ရံကပ်စာစောင်ကို ဝင်ကြည့်ဖြစ်သည်။

နံ့ရံကပ်စာစောင်တွင် သူငယ်ချင်း ခင်မောင်တင့်အား အသိမပေးဘဲ 'စွာစော်ကဲ' ကလောင်ဖြင့် ရေးဆွဲပေးပို့ခဲ့သော ကျွန်တော့် ကာတွန်းအားဖော်ပြပေးထားသဖြင့် ဝမ်းသာရပါသည်။ မန္တလေးဘူတာကြီး ရထားအလုပ်သမားများ စာကြည့်သင်းသည် နှစ်စဉ် စာဆိုတော်လ ရာသီရောက်တိုင်း စာဆိုတော်နေ့အား ဂုဏ်ပြုသောအားဖြင့် စာပေဟောပြောပွဲနှင့် နံ့ရံကပ်စာစောင်ကို ကျင်းပလေ့ရှိသည်။

စာပေဟောပြောပွဲကိုလည်း ရန်ကုန်မှ နာမည်ကြီးစာရေးဆရာ၊ ဆရာမများအား ဖိတ်ခေါ်ကာ ဟောပြောစေသည်။ ထို့အပြင် အမြင်သစ်နံ့ရံကပ်စာစောင်တွင်လည်း 'အကောင်းဆုံးစာမူ' အဖြစ် ကဗျာ၊ ကာတွန်း၊ ဝတ္ထု၊ ဆောင်းပါး၊ ရသ စာညွန့်တို့အား ဆုပေးချီးမြှင့်ကာ စာပေဟောပြောပွဲစင်မြင့်သို့ ဟောပြောပွဲမစခင် ဆုများပေးအပ်ချီးမြှင့်သည်။ ထို့ကြောင့် အမြင်သစ်နံ့ရံကပ်စာစောင်သည် ကလောင်သစ်များ မွေးဖွားပေးသည့် အနုပညာဘူမိနက်သန်ဟု ဆိုရပေမည်။

၁၉၉၄ ခုနှစ်မှ အတိတ်သို့ ပြန်လှည့်ကြည့်သော် လွန်ခဲ့သော (၁၀)နှစ်၊ ၁၉၈၄ ခုနှစ်တွင် အဋ္ဌမအကြိမ်မြောက် ပြုလုပ်ခဲ့သော 'အမြင်သစ်' နံ့ရံကပ်စာစောင်၌ ကျွန်တော် 'အကောင်းဆုံးစာမူ'အဖြစ် ကာတွန်းဆုရရှိခဲ့ဖူးလေသည်။

ထိုစဉ်က 'မီးခိုးပြာ(မန်းတက္ကသိုလ်)' ကလောင်ဖြင့် ကာတွန်းဆုရရှိခဲ့ခြင်း ဖြစ်သည်။ ကျွန်တော့်မှာ အမြင်သစ်နံ့ရံကပ်စာစောင်ပေါ်မှ 'စွာစော်ကဲ' ကလောင်ဖြင့် ရေးဆွဲခဲ့သော ကာတွန်းအားကြည့်ရင်း အတိတ်က ကာတွန်းဆုရရှိခဲ့ဖူးသည်ကို ဖျတ်ခနဲ သတိရမိသဖြင့် ပြုံးမိသေးတော့သည်။

ဒီဇင်ဘာ ၁ ရက်နေ့ဖြစ်၍ နံ့ရံကပ်စာစောင်ပေါ်မှ စာမူများ ဆုအဖြစ် မကြေညာသေးပါ။ ဒီဇင်ဘာ ၃ ရက်၊ နတ်တော်လဆန်း ၁ ရက်နေ့တွင် ဆုအဖြစ် ကြေညာမည်ဟု သိရသည်။

၁၉၉၄၊ ဒီဇင်ဘာ ၂ ရက်တွင် ရန္တသစ်မဂ္ဂဇင်း အယ်ဒီတာ ကိုချစ်ဝင်းမောင် တည်းခိုသော အင်းလျားဟိုတယ်သို့ မရောက်ဖြစ်တော့ချေ။ ကိုချစ်ဝင်းမောင် ညနေ ၅ နာရီခွဲ ရထားဖြင့် ရန်ကုန်ပြန်မည်ကို သိသော်လည်း သူ့ဆီမရောက်ဖြစ်သဖြင့် အားနာနေမိသည်။

မရောက်ဖြစ်သည့်အကြောင်းမှာလည်း သူငယ်ချင်း မောင်မြင့်တင်(ကဗျာဆရာ မောင်စိမ်းသစ်)နှင့် မထင်မှတ်ဘဲ တွေ့ဆုံမိပြီး သူ့မင်္ဂလာဆောင်ဖိတ်စာပေးသောကြောင့် ဖြစ်သည်။ သူက လက်ဖက်ရည်တိုက်သောကြောင့် လက်ဖက်ရည်ဆိုင်တွင် ကဗျာအကြောင်း ပြောဆိုကြရင်း အချိန်ကုန်သွားသောကြောင့် ဖြစ်သည်။

မောင်စိမ်းသစ်သည် ကျွန်တော့်ထက် လေးနှစ်လောက်ငယ်ပြီး မြန်မာစာနှင့် ကျောင်းပြီးသူလည်း ဖြစ်သည်။ သူ့ပုံစံက မြင်လိုက်သည်နှင့် ကဗျာဆရာတစ်ယောက်ဟု အတတ်ပြောနိုင်သည်။ ပါဝါမျက်မှန် ဆံပင်ဘုတ်သိုက်နှင့် လွယ်အိတ်အမြဲတမ်းလွယ်ထားသည်။

'ကိုသွယ်အောင် ကျွန်တော့်မင်္ဂလာဆောင်လာရမယ်နော်' ဟု သူ့ဆီက စကားသံကြားရသည်။

'ဟ… လာမှာပေါ့…မောင်ရင်က ကိုယ့်ထက် အရင်ဦးသွားပြီပေါ့၊ မောင်ရင်နဲ့ လက်ထပ်မယ့် အမျိုးသမီးက ဘယ်ကလဲ၊ ဘယ် နေ့လဲ'

ရယ်ကျဲကျဲမျက်နှာဖြင့် သူ့ဆီက အဖြေကြားရသည်။

'အဟဲ‥ကျွန်တော်တို့ မြန်မာစာကပါပဲ။ ဂုဏ်ထူးတန်းတက်နေတဲ့ မခင်သက်နွယ်နဲ့ပါ။ ဒီဇင်ဘာ ၆ ရက်နေ့'

'ကိုသွယ်အောင်တို့ မင်္ဂလာဆောင်လည်း နီးပြီမဟုတ်လား။ ဘယ် တော့လဲ'

'၁၉၉၅ နှစ်မကုန်ခင်လောက်‥ဆောင်ဖြစ်မယ် ထင်တယ်၊ ကိုယ့်အမျိုးသမီး သူနာပြုသင်တန်း သုံးနှစ်ပြီးအောင် စာချုပ်ထားတာဆိုတော့ သုံးနှစ်မပြည့်ခင် မင်္ဂလာဆောင်လိုက်ရင် ကျန်းမာရေးဝန်ကြီးဌာနကို လျော်ကြေးပေးရမှာ အသေအချာပဲ'

ထိုနေ့က သူငယ်ချင်း ကဗျာဆရာ မောင်စိမ်းသစ်၏ မင်္ဂလာပွဲ အကြိုတိုက်သော လက်ဖက်ရည်သည် လွန်စွာမှ အရသာရှိလှပေသည်။ မောင်စိမ်းသစ်၏ မင်္ဂလာပွဲဖိတ်စာကို လှန်ကြည့်ရင်း မင်္ဂလာပွဲနေ့ ဆက်ဆက်လာခဲ့ပါမယ်ဟု ပြောကာ လမ်းခွဲနှုတ်ဆက်ပြန်ခဲ့သည်။

ဒီဇင်ဘာ ၃ ရက်နေ့ (စာဆိုတော်နေ့)တွင် မင်္ဂလာသတင်းအဖြစ် ညနေ ၅ နာရီခွဲမှာ ကြားသိရသည်။ ကာတွန်း အူဝဲအား 'ဒီနှစ် အမြင်သစ်နံ့ရံကပ်စာစောင်က ကာတွန်းစာမူ အကောင်းဆုံးဆု ဘယ်သူရသွားလဲ'ဟု မေးကြည့်သည်။

'စွာစော်ကဲ ရသွားတယ်၊ လက်ရာကတော့ မင်းလက်ရာနဲ့ တော်တော်တူတာပဲ၊ ဟုတ်တယ် မဟုတ်လား'

ကျွန်တော်က ကာတွန်း အူဝဲ၏ အမေးကို ချက်ချင်းမဖြေသေးဘဲ သူ့ကို ပြုံးပြီး ကြည့်နေလိုက်တော့သည်။

'မင်းက‥ငါလို့ ထင်တယ်ပေါ့'

'အေးလေ‥လက်ရာက မင်းနဲ့ တစ်ပုံစံတည်းပဲ'

'အေး‥အဲ့ဒါဆိုလည်း စွာစော်ကဲဆိုတာ ငါပဲပေါ့'ဟု ဖြေလိုက်ရာ သူ့ဆီမှ 'လက်ဖက်ရည်တိုက်'ဟု တစ်ဆက်တည်း ကြားလိုက်ရ၏။

နောက်တစ်နေ့ ဒီဇင်ဘာ ၄ ရက်တွင် ကျွန်တော့်ကြင်ရာဖက် ဇနီးလောင်းနှင့်အတူ ရထားအလုပ်သမားစာကြည့်သင်း၏ 'အမြင်သစ်' နံ့ရံကပ်စာစောင်ကို ဝင်ကြည့်ကြသည်။ ကျွန်တော်၏ ကာတွန်း ဆုရသည်မှာ သေချာသွားသည်။ ညပိုင်း စာပေဟောပြောပွဲစင်မြင့်တွင် ဆုတက်ယူဖို့ အမြင်သစ်နံ့ရံကပ်စာစောင်ကော်မတီက ဖိတ်ကြားသည်။

ထိုည ဟောပြောပွဲတွင် ဆရာကြီး ဦးသုခ၊ ဆရာလယ်တွင်းသား စောချစ်၊ ဆရာမ ကြူကြူသင်းတို့ ဟောပြောကြမည် ဖြစ်သည်။


ရထား၊ အလုပ်သမားများ၏ စာကြည့်သင်း
အမြင်သစ် နံ့ရံကပ် စာစောင် ကော်မတီ
ရထား၊ ပို့ဆောင်ရေး ကော်ပိုရေးရှင်း
မန္တလေး၊
"အကောင်းဆုံး-စာမူ"
ဥက္ကဋ္ဌ
အမြင်သစ် နံ့ရံကပ် စာစောင် ကော်မတီ

ကျွန်တော်၏ ဆုရကာတွန်းမှာ 'စာရေးဆရာ ဘဝ'ဟု အမည်ပေးထားပြီး စာရေးဆရာက စားပွဲဝိုင်းတစ်လုံးဖြင့် တစ်ကုပ်ကုပ် စာထိုင်ရေးနေစဉ် ဇနီးဖြစ်သူက အခန်းတစ်ဘက်မှ '**စီးပွားရေး၊ ကြီးပွားရေးဆောင်းပါးတွေ ရေးနေတဲ့ စာရေးဆရာကြီးရေ‥ ကိုယ်တိုင်လည်း ကြီးပွားတိုးတက်အောင် လုပ်စမ်းပါဦး**'ဟု လှမ်းပြောနေသည့် ပုံဖြစ်သည်။

ညပိုင်းရောက်သော် ကြင်ရာဖက်ကို ခေါ်ပြီး ဆုပေးပွဲသို့ တက်ရောက်ဆုယူဖြစ်သည်။ ဆုအဖြစ် ငွေကျပ် တစ်ထောင်၊ အမြင်သစ် နံ့ရံကပ်စာစောင်ကော်မတီ၏ 'အကောင်းဆုံးစာမူ' ဂုဏ်ပြုလက်မှတ်နှင့် ဖတ်စရာစာအုပ်များ ဖြစ်သည်။

ဆုယူအပြီး စာပေဟောပြောပွဲကို နားထောင်ဖြစ်သည်။ ဆရာမ ကြူကြူသင်းနှင့် ဆရာကြီး ဦးသုခတို့၏ ဟောပြောမှုကို နားထောင်ပြီး ပြန်လာခဲ့တော့သည်။ နောက်တစ်နေ့ နံနက် ဒီဇင်ဘာ ၅ ရက်တွင် ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲသို့လည်း တက်ရောက်ဖြစ်သည်။

ဆွေးနွေးပွဲတွင် စာဖတ်သူပရိသတ်မေးသမျှ မေးခွန်းများကို ဆရာလယ်တွင်းသား စောချစ် တစ်ဦးတည်းကပဲ ဒိုင်ခံဖြေသွားသည်ကို တွေ့ရသည်။ ကျွန်တော်လည်း ဆွေးနွေးပွဲအပြီးအထိ မနေတော့ဘဲ ကိုသင်းဝေနှင့်အတူ ဆွေးနွေးပွဲမှထ,ပြန်ခဲ့သည်။

ထိုနေရာမှ မျက်သွယ် လက်ဖက်ရည်ဆိုင်သို့ နှစ်ယောက်သား ချီတက်ပြီး စာပေမိတ်ဆွေများနှင့် ဆုံကြကာ လက်ဖက်ရည်သောက်ကြသည်။ မျက်သွယ်တွင် ကိုကြည်သာ(တောင်တွင်း)က စောစောရောက်နှင့်နေသည်။ ခဏအကြာ ဆရာနတ်မောက်ထွန်းရှိန်နှင့် ဆရာမ ဖြိုးသာရတို့ ရောက်လာကြသည်။ လူစုံသွားသည်နှင့် ကျွန်တော်တို့၏ စာပေဝိုင်းမှာလည်း ပို၍ မြိုင်ဆိုင်သွားတော့သည်။






## ဂူဂဲလ်ကုမ္ပဏီကို မက္ကဆီကိုနိုင်ငံက တရားစွဲဆိုထားသည်ဟု သမ္မတကလော်ဒီယာရှိန်ဘောင်း ထုတ်ဖော်ပြောကြား



**မက္ကဆီကို မေ ၁၀**

အမေရိကန်အသုံးပြုသူများအတွက် ဂူဂဲလ်မြေပုံတွင် မက္ကဆီကိုပင်လယ်ကွေ့ကို အမေရိကပင်လယ်ကွေ့ဟု မခေါ်ရန် ထပ်ခါတလဲလဲ တောင်းဆိုမှုများကို လျစ်လျူရှုထားသည့် ဂူဂဲလ်ကုမ္ပဏီကို မက္ကဆီကိုနိုင်ငံက တရားစွဲဆိုထားသည်ဟု မက္ကဆီကိုသမ္မတကလော်ဒီယာရှိန်ဘောင်း ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါတရားစွဲဆိုမှုကို မည်သည့်တရားရုံးတွင် တင်သွင်းခဲ့သည်ကို ၎င်းက ထုတ်ဖော်မပြောသကဲ့သို့ ဂူဂဲလ်ကုမ္ပဏီဘက်ကလည်း နှုတ်ဆိတ်နေလျက်ရှိသည်။

ယခင်အပတ်နှောင်းပိုင်းက ရီပတ်ပလီကန်ပါတီ ဦးဆောင်သည့် အမေရိကန်အောက်လွှတ်တော်က ထိုပင်လယ်ကွေ့ကို အမေရိကပင်လယ်ကွေ့ဟု တရားဝင် အမည်ပြောင်းရန် မဲခွဲဆုံးဖြတ်ခဲ့သည်။

သမ္မတဒေါ်နယ်လ်ထရမ့်က ဇန်နဝါရီလတွင် ၎င်းပထမဆုံးရုံးတက်သောနေ့၌ အဆိုပါပင်လယ်ကွေ့အမည်ပြောင်းလဲရန် အမိန့်ညွှန်ကြားချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်သည် ထိုနေရာတွင် အလုပ်အများဆုံးလုပ်ကိုင်ပြီး ၎င်းသည် ကျွန်ုပ်တို့ပိုင်ဆိုင်သောနေရာဖြစ်သည်ဟု အကြောင်းပြချက်ပေးကာ ထိုသို့ပြောင်းလဲရန် သင့်တော်သည်ဟု ၎င်းကထုတ်ဖော်ပြောကြားခဲ့သော်လည်း အမေရိကန်အနေဖြင့် ပင်လယ်ကွေ့တစ်ခုလုံး၏အမည်ကို ပြောင်းလဲပိုင်ခွင့်မရှိဟု ရှိန်ဘောင်းအစိုးရက အတည်ပြုခဲ့ကြောင်း သိရသည်။ **Mon**

0-0-0-0-0



## ဆော်ဒီအာရေဗျသို့ ခရီးထွက်မည့် စင်ကာပူဟာ့ဂျ်ဘုရားဖူးများ တုပ်ကွေးနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံရမည်ဟု ဆို

**စင်ကာပူ မေ ၁၀**

လာမည့်ဇွန်လတွင် ဆော်ဒီအာရေဗျသို့ ခရီးထွက်မည့် စင်ကာပူဟာ့ဂျ်ဘုရားဖူးများအားလုံးအနေဖြင့် ကပ်ရောဂါကာကွယ်ဆေးထိုးနှံရန် မဖြစ်မနေလိုအပ်သည့်အပြင် တုပ်ကွေးနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများလည်း ထိုးနှံရမည်ဟု စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဤသို့ပြုလုပ်ရခြင်းမှာ စင်ကာပူကျန်းမာရေးဝန်ကြီးဌာနနှင့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအေဂျင်စီတို့သည် စင်ကာပူအစ္စလာမ်ဘာသာရေးကောင်စီနှင့် တိုင်ပင်ပြီး ကာကွယ်ဆေးထိုးနှံမှုလိုအပ်ချက်များကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

အဆိုပါဌာနနှစ်ခုမှ ပူးတွဲထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် ဟာ့ဂျ်ဘုရားဖူးများ ခရီးစဉ်တစ်လျှောက် လုံခြုံစိတ်ချရစေရန်နှင့် နိုင်ငံခြားတွင် ကူးစက်ရောဂါများမှ ပိုမိုကာကွယ်နိုင်ရန် ယင်းကာကွယ်ဆေးထိုးနှံမှုအတွက် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## ဂျပန်အခြေစိုက် လျှပ်စစ်ကားဘက်ထရီစက်ရုံအသစ်အတွက် ဗြိတိန်နိုင်ငံက စတာလင်ပေါင်သန်း ၁၀၀၀ ထည့်ဝင်မည်



**လန်ဒန် မေ ၁၀**

ဗြိတိန်နိုင်ငံသည် လျှပ်စစ်ကားဘက်ထရီများ ထုတ်လုပ်မည့် အအေးအက်စ်စက်ရုံအသစ်အတွက် စတာလင်ပေါင်သန်း ၁၀၀၀(ဒေါ်လာ ၁ ဒသမ ၃၃ ဘီလီယံ)ရန်ပုံငွေထည့်ဝင်မည့် သဘောတူညီချက်ကို ယမန်နေ့က ကြေညာခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းသဘောတူညီချက်အရ ဂျပန်အခြေစိုက် ဘက်ထရီထုတ်လုပ်ရေးကုမ္ပဏီအနေဖြင့် အင်္ဂလန်မြောက်ပိုင်း ဆန်းဒါးလန်ဒေသတွင် စက်ရုံတည်ဆောက်မည်ဖြစ်ကြောင်း ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ရေချယ်ရီးဗ်စ်က ရှင်းလင်းပြောကြားသည်။

လက်ရှိစွမ်းဆောင်ရည်ထက် ခြောက်ဆမြင့်မားသည့် ဘက်ထရီများကို တစ်နှစ်လျှင် လျှပ်စစ်ကား 100,000 စီးအတွက် ထောက်ပံ့ပေးမည်ဖြစ်ရာ မိမိတို့၏ စက်မှုလုပ်ငန်းများ၏ ခံနိုင်ရည်နှင့် ကြီးထွားမှုကို မြှင့်တင်ရန် ပိုမိုမြန်ဆန်စွာ ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဟု ၎င်းက ထည့်သွင်းပြောကြားကြောင်း သိရသည်။ **Mon**

0-0-0-0-0

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

## တရုတ်နိုင်ငံ၏ ဧပြီလအတွင်း ပို့ကုန်များ၏ပမာဏ မူလမျှော်မှန်းထားသည်ထက် ပိုမိုတိုးတက်လာခဲ့

**ပေကျင်း မေ ၁၀**

တရုတ်နိုင်ငံ၏ ဧပြီလအတွင်း ပို့ကုန်များ၏ပမာဏမှာ မျှော်မှန်းထားသည်ထက် ပိုမိုတိုးတက်လာခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးနိုင်ငံမှ ပို့ကုန်များသည် ယခင်လအတွင်း ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာကြောင်း ယမန်နေ့က သတင်းထုတ်ပြန်သည်။

သမ္မတဒေါ်နယ်လ်ထရမ့် စတင်ခဲ့သည့် အမေရိကန်နှင့် ကုန်သွယ်ရေးစစ်ပွဲကြားတွင် စီးပွားရေးပညာရှင်များ ခန့်မှန်းထားသည့် ၂ ရာခိုင်နှုန်းထက် သိသိသာသာ မြင့်မားလာသည့် ရလဒ်ဖြစ်သည်။

ထရမ့်က တရုတ်ကုန်ပစ္စည်းများအတွက် ၁၄၅ ရာခိုင်နှုန်းအထိ အတိုးခံရမည်ဟု ကြေညာပြီးနောက် အမေရိကန်သို့ ရောင်းချမှု ၂၁ ရာခိုင်နှုန်း ကျဆင်းသွားသော်လည်း ဧပြီလအတွင်း စုစုပေါင်းပို့ကုန်တိုးတက်မှု ရှိခဲ့သည်။



တရုတ်သည် အခြားဈေးကွက်များဆီသို့ လှည့်ပြောင်းရန် ကြိုးပမ်းမှုများတွင် အောင်မြင်နေဟန်ရှိကြောင်း ဆန်းစစ်သူများက ဆိုသည်။

အမေရိကန်၏ ကုန်သွယ်ရေးအတိုးနှုန်းများ ၉၀ ရက်ခန့် ရွှေ့ဆိုင်းထားစဉ်အတွင်း ပင်လယ်ရပ်ခြား ထုတ်လုပ်သူများ၏ ကုန်ကြမ်းဝယ်လိုအားကြောင့်လည်း ထိုကိန်းဂဏန်းများ မြင့်တက်လာခြင်းဖြစ်နိုင်ကြောင်း သိရသည်။ **Mon**



**အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ် ဘရွတ်ကလင်းမြို့တစ်နေရာရှိ ကုန်တိုက်တစ်တိုက်တွင် ပြသရောင်းချထားသော တရုတ်နိုင်ငံလုပ် ကလေးကစားစရာအရုပ်များကို တွေ့ရစဉ်။** **Mon**

## အမေရိကန်ပြည်ထောင်စုတွင် ဝက်သက်ရောဂါဖြစ်ပွားမှု ငါးနှစ်အတွင်း ပထမဆုံးအကြိမ် ၁၀၀၀ ကျော်လာ

**ဝါရှင်တန် မေ ၁၀**

အမေရိကန်ပြည်ထောင်စုတွင် ဝက်သက်ရောဂါဖြစ်ပွားမှု အရေအတွက်သည် ယမန်နေ့က လွန်ခဲ့သော ငါးနှစ်အတွင်း ပထမဆုံးအကြိမ် ၁၀၀၀ ကျော်လာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မေလ ၉ ရက်က ထွက်ပေါ်လာသော ပြည်ထောင်စုအစိုးရ၏ထုတ်ပြန်ချက်အရ ကလေးဘဝတွင်အဖြစ်များသည့် ဝက်သက်ရောဂါကူးစက်မှုကို အမေရိကန်ပြည်ထောင်စုအနေဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည်။

ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ မေ ၈ ရက်အထိ ပြည်နယ် ၃၁ ခုတွင် ဝက်သက်ရောဂါဖြစ်ပွားမှု ၁၀၀၁ ခု ရှိခဲ့သည်။

လက်ရှိဝက်သက်ရောဂါဖြစ်ပွားမှု၏ အဓိကဗဟိုဖြစ်သော တက္ကဆက်ပြည်နယ်တွင် ဖြစ်ပွားမှုအရေအတွက် ၇ ခု တိုးလာကာ စုစုပေါင်း ၇၀၉ ခု ရှိလာပြီဟု ဆိုသည်။

ဝက်သက်ရောဂါ အမေရိကန်ပြည်ထောင်စုတွင် ကင်းစင်ပျောက်သွားပြီဟု ကြေညာခဲ့ပြီး ၂၅ နှစ်အကြာတွင် ဝက်သက်ရောဂါ ပြန်လည်ဖြစ်ပွားလာခြင်းဖြစ်သည်ဟု သုတေသီများက ထောက်ပြကြောင်း သိရသည်။ **Mon**



# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် နှင်းပုလဲနှင့် တောင်စွန်းဘူတာအကြား ရထားတံတားအမှတ် (၆၅) ပြုပြင်ပြီးစီး၍ ရန်ကုန်-မော်လမြိုင်-ရန်ကုန် ရထားများ ပြန်လည်ပြေးဆွဲပေးလျက်ရှိ

နေပြည်တော် မေ ၁၀

ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်းရှိ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ နှင်းပုလဲဘူတာနှင့် တောင်စွန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၁၂/၁၀-၁၁ ရှိ ပေ ၂၀ သံပေါင် ခန်းဖွဲ့ သုံးခုပါ အရှည် ပေ ၆၀ ရှိ ရထားတံတားအမှတ်(၆၅)အောက်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် နှင်းပုလဲနှင့် တောင်စွန်းရထားလမ်းပိုင်းအား မေ ၆ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရပြီး ရန်ကုန် - မော်လမြိုင် - ရန်ကုန် ပြေးဆွဲနေသော အမှတ် (၈၁)အဆန်/ (၈၂)အစုန် လူစီးရထားများအား ယာယီရပ်နားခဲ့ရသည်။

မြန်မာ့မီးရထားအနေဖြင့်ယာယီပိတ်ထားရသည့် ရထားလမ်းပိုင်းအတွင်း ရထားစီးခရီးသွား ပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ အဆင်ပြေစွာ သယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက် မြန်မာ့မီးရထားတာဝန်ရှိသူများနှင့် လုပ်သားများက တံတားအောက်ခြေနှင့် ကမ်းကပ်ခုံနှစ်ဖက်ရှိ မြေကြီးနှင့်ကွန်ကရစ်များ ရှင်းလင်းခြင်း၊ တံတားသံပေါင်များနှင့် သံလမ်းများ ဖယ်ရှားရှင်းလင်းခြင်း၊ တံတားရေလယ်တိုင်ကို ပိုင်ရိုက်ကျောက်စီခြင်းနှင့် ဘေလီတံတားပေါင်တပ်ဆင်ခြင်းစသည့် တံတားနှင့်ရထားလမ်းပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မေ ၆ ရက်မှ ယနေ့အထိ နေ့ညမပြတ်ဆောင်ရွက်ခဲ့ကြပြီး သံလမ်းပြေးယာဉ် RGC ဖြင့် စမ်းသပ်ပြေးဆွဲ၍ ယနေ့နံနက် ၀၀:၃၀ နာရီတွင် လမ်းပိုင်းပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရထားလမ်းပိုင်းပြန်လည်ဖွင့်ပြီး ရန်ကုန်မှ ယနေ့နံနက် ၇ နာရီတွင် စတင် ထွက်ခွာသည့် အမှတ်(၈၁)အဆန် ရန်ကုန်-မော်လမြိုင်ရထားနှင့် မော်လမြိုင်မှ နံနက် ၈ နာရီစတင် ထွက်ခွာသည့် အမှတ်(၈၂)အစုန်လူစီးအမြန်ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။

ထို့ပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား - တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန် - ပြည် - ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း - သာရဝေါ လမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထား ခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Lwin Lwin Moe Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အုံးနဲ့ချောင်းကျေးရွာနေ လွင်မျိုးဦးအား နံနက် ၁၁ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် စက်မှုဇုန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ThaiFEX-Anuga Asia 2025 ကျင်းပမည့် ပြပွဲတွင် ဈေးကွက်သစ်များရရှိနိုင်မည်ဖြစ်သဖြင့် ဝင်ရောက်ပြသလိုသူများ ဆက်သွယ်နိုင်

မန္တလေး မေ ၁၀

ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ThaiFEX-Anuga Asia 2025 အား ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်သစ်များ ရရှိနိုင်မည်ဖြစ်ခြင်းကြောင့် ပြပွဲတွင် ဝင်ရောက်ပြသလိုပါက မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တက်ရေးဦးစီးဌာန (DITP) က ကြီးမှူး၍ ThaiFEX-Anuga Asia 2025 ကို ၂၀၂၅ခုနှစ် မေ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ခြင်းကြောင့် မြန်မာ့ထုတ်ကုန်များကို ပြခန်းတွင် ဝင်ရောက်ပြသနိုင်မည်ဖြစ်သည်။

ပြပွဲတွင် မြန်မာ့နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြခန်းတစ်ခန်းလျှင် ၂ ဒသမ ၂၅ မီတာ ပတ်လည်အကျယ်အဝန်းရှိသော ပြခန်းများကို အခမဲ့ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊အခမဲ့ပြခန်းများတွင် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်ထားသော ထုတ်ကုန်အသစ်များ၊ နိုင်ငံတကာသို့ မိတ်ဆက်ပြသလိုသော ကုန်ပစ္စည်းများကို ပြသနိုင်ပြီး ဈေးကွက်သစ်များ၊ ကုန်သည်အသစ်များ ကို ရရှိနိုင်မည်ဖြစ်သည်။

ThaiFEX-Anuga Asia 2025 ပြပွဲသို့ ပါဝင်တက်ရောက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် https://mitc.myantrade.gov.mm ၏ Trade Fair Registration တွင် အချက်အလက်များ ဖြည့်သွင်း၍ ဝင်ရောက်လျှောက်ထားရမည်ဖြစ်ပြီး ပါဝင်ပြသခွင့်ရရှိမည့် ကုမ္ပဏီအား စာရင်းပေးသွင်းမှုအစီအစဉ်အတိုင်း ဦးစားပေးရွေးချယ်သွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ E-mail: event.td. myantrade@gmail.com တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀

## ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စပေါင်းသန့်ရှင်းရေး ဆောင်ရွက်

သရက် မေ ၁၀

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့ရွာသန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ လမ်းဆုံများတွင် အမှိုက်များ သိမ်းဆည်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီက အထက(၃)၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် သာသနာ့ဗိမာန်တော်တို့တွင် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ မှ စပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

အဆိုပါစပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စုစုပေါင်း ၄၃၂ ဦးခန့်ဖြင့် ကျောင်းဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာအမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

၀-၀-၀-၀-၀

## ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

ကလော မေ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခရိုင်၊ မြို့နယ်အဆင့် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသိန်းက မြို့နယ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စီမံကိန်း ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကလောခရိုင်အဆင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်များအား တာဝန်ပေးအပ်ခဲ့ရာ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကလောမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ဖယ်ခုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့အား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ အကောင်အထည်ဖော် ဆောင်ရွက်မည့် ဌာနဆိုင်ရာတာဝန်ရှိသူများထံ ဒေသန္တရစီမံကိန်းတာဝန်များ ပေးအပ်ခဲ့သည်။

အလားတူ မြို့နယ်အဆင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များအား တာဝန်ပေးအပ်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနဆိုင်ရာတာဝန်ရှိသူများထံ ဒေသန္တရစီမံကိန်း တာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Met Gala တွင် Shah Rukh Khan တက်ရောက်



ကမ္ဘာကျော် ဖက်ရှင်ပြပွဲ Met Gala သို့ အိန္ဒိယနိုင်ငံ ရုပ်ရှင်လောကမှ ပထမဆုံးအကြိမ် တက်ခွင့်ရသည့် မင်းသားမှာ ရှာရွတ်ခန်ဖြစ်ပြီး ဖက်ရှင်စတိုင်လ် အလန်းဆုံးနှင့် တက်ရောက်လာခဲ့ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၅ ခုနှစ် အဆိုပါပွဲတော်သို့ အိန္ဒိယရုပ်ရှင်လောကအတွက် ပထမဆုံး ဖိတ်ကြားခံရသော မင်းသားအဖြစ် စံချိန်တင်ခဲ့ကာ သူ၏ကျော်ကြားမှုကို ထုတ်ဖော်ပြသသည့် ဝတ်စားဆင်ယင်မှုဖက်ရှင်ကို ရှာရွတ်ခန်ကို ရှာရွတ်ခန်အဖြစ် ဖော်ပြရန် ဒီဇိုင်နာက ဖန်တီးပေးခဲ့၍ SKK at Met Gala ဖြစ်ခဲ့သည်။

ထိုပွဲသို့ အိန္ဒိယအချမ်းသာဆုံးမိသားစု အမ်ဘာနီမိသားစု၏ တစ်ဦးတည်းသောသမီး အီရှာလည်း ဖိတ်ကြားခံရ၊ နာမည်ကျော် အနုပညာရှင် ပရီရန်ကာချိုပရာ၏ဖက်ရှင်မှာလည်း မီဒီယာများ အာရုံစိုက်မှု ရရှိခဲ့သည်။

(SKY)



### နှလုံးသွေးလွှတ်ကြောနံရံရှိ ပလတ်စတစ်အမှုန်များကြောင့် လေဖြတ်ခြင်း(သို့မဟုတ်)ယာယီမျက်စိအမြင်ဆုံးရှုံးခြင်းခံစားရနိုင်

နှလုံးသွေးလွှတ်ကြောနံရံတွင် ပလတ်စတစ်အမှုန်များ စုပုံမှုကြောင့် လေဖြတ်ခြင်း၊ ယာယီလေဖြတ်ခြင်း(သို့မဟုတ်) ယာယီမျက်စိအမြင်ဆုံးရှုံးခြင်းတို့ ခံစားရနိုင်ကြောင်း အီတလီသုတေသီများ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

သုံးနှစ်ကြာ လေ့လာမှုအရ ကာရိုတစ်သွေးကြောနံရံတွင် ပလတ်စတစ်အမှုန်ငယ်များ ပါဝင်သူများသည် သေဆုံးခြင်း၊ နှလုံးရတ်တရက်ဖောက်ပြန်ခြင်း(သို့မဟုတ်)လေဖြတ်ခြင်းတို့ ဖြစ်နိုင်ခြေ သိသိသာသာ ပိုမိုမြင့်မားကြောင်း တွေ့ရှိရသည်။

အီတလီနိုင်ငံတွင် ယခင်က ပြုလုပ်ခဲ့သော လေ့လာမှုကို အခြေခံကာ လူပေါင်း ၅၀ ခန့်ကို အောက်ပါအုပ်စု သုံးစုခွဲပြီး လက်တွေ့လေ့လာခဲ့ခြင်း ဖြစ်သည်။

သုတေသီများသည် ကာရိုတစ်သွေးလွှတ်ကြောများတွင် တွေ့ရှိရသော ပလတ်စတစ်အမှုန်ငယ်များ၏ပမာဏကို နှိုင်းယှဉ်လေ့လာခဲ့ရာမှ အစားအစာများထဲမှ ပလတ်စတစ်မှုန်များကြောင့် အများစု လေဖြတ်ဝေဒနာခံစားရကြောင်း တွေ့ရှိခဲ့ကြသည်။ (SCI)

## 2025 Met Gala တွင် Rose ဖက်ရှင်စတိုင်လ်ကျနသူ စာရင်းဝင်ခဲ့

၂၀၂၅ ခုနှစ် မက်ဂါလာ ပွဲတော်သို့ တက်ရောက်လာကြသည့် အနုပညာရှင်များ၏ဖက်ရှင်စတိုင်လ်ကျနမှုကို Elle မဂ္ဂဇင်းက ရွေးချယ်ခဲ့ရာ ကမ္ဘာကျော်အနုပညာရှင် ကိုးဦးစာရင်းတွင် ဘလက်ပင့်ခ်မှ ရိုစ်လည်း စာရင်းဝင်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Met Gala ပွဲမှာ နှစ်စဉ်ကျင်းပသော ဖက်ရှင်ပွဲကြီးဖြစ်ပြီး ပုံရိပ်ကောင်းသည့် ဖက်ရှင်များကို ရွေးချယ်ခဲ့ရာ ဂျီနာအော်တီကာ၊ ရိုစ်၊ အယ်မီလီယာဂရေ့၊ နစ်ကီမင်နာချ်၊ တာရာဂျီပီဟာန်ဆန်၊ ချာလီအိပ်စ်၊ ရှာဘိုဇီ၊ ဂျက်ဖ်ဂေါ့ဘလန်းနှင့် ကင်ကာဒါရှန်တို့ ကိုးဦး စာရင်းဝင်ခဲ့ကြသည်။



ရိုစ်သည် ၂၀၂၁ ခုနှစ်တွင် ယင်းပွဲတော်ကို YSL အတွက် တက်ရောက်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ခေါင်းစဉ်နှင့် ကိုက်ညီစွာ ဆင်ယင်ထားသဖြင့် ရွေးချယ်ခံခဲ့ရခြင်း ဖြစ်သည်။

(SKY)

## Pilot ရုပ်ရှင်နှင့် Jo Jung Suk ဘိတ်ဆန်းအနုပညာဆု ရရှိ

၂၀၂၅ ခုနှစ် (၆၁)ကြိမ်မြောက် ဘိတ်ဆန်းအနုပညာဆုပေးပွဲတွင် ရုပ်ရှင်ကား Pilot နှင့် အကောင်းဆုံးမင်းသားဆုကို ဂျိုဂျောင်ဆွတ်က ဆွတ်ခူးရရှိခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အကောင်းဆုံး ဘိတ်ဆန်းမင်းသားဆုကို Pilot နှင့် ဂျိုဂျောင်ဆွတ်၊ မင်းသမီးဆုကို Revolver နှင့် ဂျောင်ဒူယွန်း၊ ရုပ်ရှင်ကားဆုကို Harbin၊ ဒါရိုက်တာဆုကို Revolver နှင့် အိုဆောင်ဝုဒ်၊ ဇာတ်ပို့ဆုကို Land of Happiness နှင့် ယူဂျေမြောင်၊ A Normal Family နှင့် ကလယ်ဒီယာခင်၊ မျက်နှာသစ်ဒါရိုက်တာဆုကို House of the Season နှင့် အိုဂျောင်မင်၊ မျက်နှာသစ် အနုပညာရှင် ဂျောင်ဆောင်အီး နှင့် ယိုယွန်းဆိုးတို့က ရုပ်ရှင်အတွက် အသီးသီးရရှိခဲ့ကြသည်။

(SKY)






## Cassandra Crossing ကို Train To Busan အဖြစ် ပြန်ရိုက်ကူးထား

အီတလီသရုပ်ဆောင် မင်းသမီး ဆိုဖီယာလောရင့်စ် ပါဝင်ထားသည့် Cassandra Crossing ကို ကိုရီးယားရုပ်ရှင် Train To Busan အဖြစ် ပြန်လည်ရိုက်ကူးထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆိုဖီယာလောရင့်စ်မှ တစ်ခေတ်တစ်ခါက နာမည်ကြီး မင်းသမီးဖြစ်ပြီး Cassandra Crossing , Sunflower တို့နှင့် လူကြိုက်များ ကျော်ကြားခဲ့ကာ ခင်ပွန်းသည် ရုပ်ရှင်ထုတ်လုပ်သူ ကာလိုပွန်တီနှင့် ကွယ်လွန်ချိန်ထိ ပေါင်းသင်းခဲ့ကာ ၂၀၂၄ ခုနှစ်တွင် အသက်(၉၀)ပြည့်ပြီ ဖြစ်သည်။

အဆိုပါကားတွင် ဆိုဖီယာလောရင့်စ်က ရစ်ချက်ဟဲရစ်မာတင်ရှင်းတို့နှင့်အတူ ပါဝင်ထားကာ ၁၉၇၅ ခုနှစ်တွင် ရိုက်ကူးခဲ့ရာမှ ကိုရီးယားအက်ရှင်ကား Train To Busan အဖြစ် မင်းသားဂေါင်ယိုက ရိုက်ကူး၍ နာမည်ကြီးခဲ့သည်။

(SKY)

## Jujihoon က (၆၁)ကြိမ်မြောက် ဘိတ်ဆန်းအနုပညာဆု ဆွတ်ခူးရရှိ

(၆၁)ကြိမ်မြောက် ဘိတ်ဆန်းအနုပညာဆုပေးပွဲကို မေ ၅ ရက်က ကျင်းပခဲ့ရာ ပရိသတ်အချစ်တော် ဂျူဂျီဟွန်းက The Trauma Code: Heroes on Call နှင့် အကောင်းဆုံးမင်းသားဆု ရရှိခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆုပေးပွဲတွင် လူနာအသက်ကယ်ရန် အဓိကဖြစ်သည့် ဆရာဝန်တာဝန်ဇာတ်ရုပ်နှင့် ဂျူဂျီဟွန်းက အကောင်းဆုံးမင်းသားဆု၊ ရိုးရာသီချင်းအဆိုတော်အဖြစ် Jeongn yeon: The Star is Born နှင့် ကင်တေရီက အကောင်းဆုံး မင်းသမီးဆု၊ Pilot ရုပ်ရှင်နှင့် ဂျိုဂျောင်ဆွတ်က အကောင်းဆုံး မင်းသားဆု၊ The Tale of Lady OK နှင့် ချူဆောင်ဝူးက ဇာတ်ပို့အမျိုးသားဆုနှင့် အကောင်းဆုံး ဇာတ်လမ်းတွဲနှင့် ဇာတ်ပို့အမျိုးသမီးဆုကို When Life gives You Tangerines ဇာတ်ပို့ ယွန်ဟောရမ်တို့က ရရှိခဲ့ကြသည်။



မျက်နှာသစ်အကျော်ကြားဆုံးဆုကို မြောင်ဝူဆစ်နှင့် ကင်ဟေယွန်၊ အကောင်းဆုံးရုပ်ရှင်နှင့် ဇာတ်ပုံဆုကို Haebin ရုပ်ရှင်နှင့် ဟွန်ကွမ်ဖျူ၊ နည်းပညာဆုကို Jeongnyeon: The Star is Bo-rn မှ ဂီတပညာရှင် ဂျောင်ယောင်ဝူ၊ ရုပ်ရှင်မျက်နှာသစ်ဆုကို ရိုယွန်ဆိုး စသည့် အနုပညာရှင်များ အသီးသီးရရှိခဲ့ကြသည်။ (SKY)



## BTS မှ J Hope ၏ Sweet Dream က အကောင်းဆုံး ဂီတဆု ရရှိခဲ့

ဘီတီအက်စ်အဖွဲ့ဝင် ဂျေဟုတ်(ခေါ်)ဂျောင်ဟိုဆွတ်သည် နောက်ခံအဆိုတော် မီဂယ်နှင့်အတူ ဖန်တီးထားသည့် Sweet Dream က 2025 The Fact Music Award ၏ Best Music Spring အဆင့်ကို အနိုင်ရရှိခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘီတီအက်စ်အဖွဲ့ဝင် ဂျေဟုတ်(ခေါ်)ဂျောင်ဟိုဆွတ်သည် သင်တန်းဆင်းပြီးနောက် တစ်ကိုယ်တော်ဂီတပွဲများ ကျင်းပခဲ့ရုံသာမက ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲကို Hope on the Street နှင့် ဖျော်ဖြေခဲ့ရာမှ Hope on the State နှင့် ၁၃/၁၄ ဇွန် ၂၀၂၅တွင် ပွဲသိမ်းကျင်းပရန် စီစဉ်နေပြီး အဖွဲ့ဝင်များပါနိုင်ရန် ကြိုးစားနေသည်။

ဂျေဟုတ်သည် အဖွဲ့၏ပင်တိုင်အကပညာရှင်ဖြစ်ရုံသာမက ရက်ပ်နှင့်အဆိုလည်း ကောင်းမွန်သူဖြစ်၍ သူ၏ဖျော်ဖြေပွဲကို ပရိသတ်ကွင်းလုံးပြည့် အားပေးခဲ့ကြကာ ဂီတနှင့်ပတ်သက်၍လည်း ၂၀၂၅ ခုနှစ်အတွက် Best Music Spring အဆင့်ကို အနိုင်ရရှိထားသည်။ (SKY)



## ရှားတောကျေးရွာ၌ နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇမ္ဗူသီရိ မေ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တဲကြီးကုန်းကျေးရွာအုပ်စု၊ ရှားတောကျေးရွာ၌ နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို မေ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ကျေးရွာဘက်စုံသုံးခန်းမ(SMU)၌ ကျင်းပသည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်က ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများနှင့် လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ငွေစာရင်းဇယား ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆ ဒသမ ၉၀ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက Nature Link Pay (Trusty) မှ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှားတောကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၁ ဒသမ ၄၀ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၂ ဒသမ ၈၀ သန်း၊ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၄ ဒသမ ၉၀ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၇ ဒသမ ၈ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၀ ဦးကို ငွေကျပ် ၄၆ ဒသမ ၉ သန်းအား Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၄၅)**

## မန္တလေး ဗထူးကွင်းအတွင်း ငလျင်ဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးနေ

**မန္တလေး မေ ၁၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဗထူး မိုးလုံ၊ လေလုံ အားကစားကွင်းတွင် ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြုလုပ်ပေးလျက်ရှိသည်။

'သမားတော်အပါအဝင် ဆရာဝန်ကိုးဦးနဲ့ သူနာပြုတွေပါဝင်တဲ့အဖွဲ့တွေက လာရောက်ပြသတဲ့ လူနာတွေကို ကုသပေးလျက်ရှိပါတယ်။ လာရောက်ကုသတဲ့ရောဂါပေါ် မူတည်ပြီး ကုသဖို့ လိုအပ်တဲ့ဆေးဝါးတွေကို ပေးပါတယ်။ မည်သူမဆို အခမဲ့ကုသပေးတာဖြစ်ပါတယ်။ လာရောက်ကုသတဲ့ရောဂါပေါ် မူတည်ပြီးတော့ ကုသမှုပေးသလို လိုအပ်လာရင် မန္တလေးပြည်သူ့ဆေးရုံကြီးကို တင်ပို့ပေးတာတွေလည်းရှိပါတယ်'ဟု အဆိုပါကုသပေးနေသည့်နေရာမှ တာဝန်ကျဆရာဝန်တစ်ဦးက ပြောသည်။

နေ့စဉ် ပိတ်ရက်မရှိ ကုသပေးလျက်ရှိပြီး တစ်ရက်လျှင် လူနာ ၂၀ ဦးခန့် လာရောက်ပြသလျက်ရှိကြောင်း၊ အခမဲ့ကုသပေးလျက်ရှိခြင်းကြောင့် ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအနေဖြင့် ဆေးခန်းဖွင့်ချိန်များတွင် လာရောက်ပြသနိုင်ကြောင်း၊ ကျွမ်းကျင်သော ဆရာဝန်များဖြင့် ကုသမှုများကို ဆက်တိုက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

# မီး သတိပြု။

# အသိပေးကြေညာခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ကျရောက်သော မြို့နယ်(၆)မြို့နယ်အတွင်းရှိ လိမ္မော်ရောင်အဆင့်၊ အနီရောင်အဆင့် သတ်မှတ်ခံရသော အဆောက်အအုံ ပိုင်ရှင်များအနေဖြင့် မိမိတို့အဆောက်အအုံအား ပြန်လည်ပြင်ဆင်လိုသည်များနှင့် ပတ်သက်၍ PE ၊ RSE လိုင်စင်ရ အင်/ယာများ၏ ထောက်ခံချက်ပါသော ပြင်ဆင်ရမည့် Method Statement နှင့်အတူ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ ပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# အသိပေးကြေညာခြင်း

၂၈-၃-၂၀၂၅ ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် မန္တလေး (၆)မြို့နယ်အတွင်း ဆောက်လုပ်ဆဲ အဆောက်အအုံများ၏ ပင်မတိုင်များ ပျက်စီးမှု ရှိ/မရှိ ပြန်လည်စစ်ဆေးရန် လိုအပ်ပါ၍ ခေတ္တရပ်နားထားကြပါရန်နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တရားဝင်ဖွဲ့စည်းထားသော စစ်ဆေးရေးအဖွဲ့များဖြင့်စစ်ဆေး၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ ပျက်စီးမှုရှိ/မရှိ စိစစ်ပြီး တင်ပြချက်အပေါ် အဆောက်အအုံ ဆောက်လုပ်ခြင်းအား ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ပင်မတိုင်များ ပျက်စီးမှုရှိပါက ဆက်လက်တည်ဆောက်ခွင့်မပြုဘဲ ပြန်လည်တည်ဆောက်ရမည်ဖြစ်ပါသည်။ အဆိုပါအချက်များအား လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၅-၂၀၂၅ရက်ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ-၁၉ ပါ အသိပေးကြေညာခြင်း ကြော်ငြာတွင် ၂၈-၄-၂၀၂၅ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် ဟု ဖော်ပြခြင်းအစား ၂၈-၃-၂၀၂၅ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## လမ်းတံတားဌာန

### လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်းတင်ဒါ Lot (၄)ခု အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၅-၂၀၂၆(ဧပြီလမှ မတ်လ) ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်မှကျခံ၍ လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်း Lot (၄)ခုအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါ၍ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာဝယ်ယူ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက်** | - | **၁၂-၅-၂၀၂၅(တနင်္လာနေ့)** |
| **(ခ) တင်ဒါလျှောက်လွှာရောင်းချခြင်းပိတ်သိမ်းမည့်နေ့ရက်နှင့်အချိန်** | - | **၆-၆-၂၀၂၅(သောကြာနေ့) နံနက်(၀၉း၃၀)မှ(၁၆း၃၀)ထိ** |
| **(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေ့ရက်နှင့်အချိန်** | - | **၁၁-၆-၂၀၂၅(ဗုဒ္ဓဟူးနေ့) နံနက်(၀၉း၃၀)မှ(၁၆း၃၀)ထိ** |

၂။ တင်ဒါကော်မတီမှ တင်ဒါလျှောက်လွှာဝယ်ယူထားသည့် ကုမ္ပဏီများအား(၉-၆-၂၀၂၅)ရက်၊ နံနက်(၁၀)နာရီတွင် တင်ဒါကိစ္စများရှင်းလင်းခြင်းအစီအစဉ်အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုမ္ပဏီများမှ တက်ရောက်ကြရန် ဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း ၀၉-၄၄၁၀၂၁၄၂၃၊ ၀၉-၄၃၁၀၀၆၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တက္ကသိုလ်ဝင်တန်းစာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့်သင်ကြားပေးလျက်ရှိ



**မန္တလေး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်အတွင်း မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးခဲ့ရသဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်လည်ဖြေဆိုရမည့် ငလျင်ဒဏ်သင့် ကျောင်းသား၊ ကျောင်းသူများအတွက် အောင်ချက်မြင့်မားရေးနှင့် သင်ယူမှုများ ပိုမိုထိရောက်စေရန်အတွက် မဟာအောင်မြေမြို့နယ်ရှိ အထက(၃)၊ အထက(၁၃)နှင့် အထက(၂၄)ကျောင်းတို့၌ ဆရာ၊ ဆရာမများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

မဟာအောင်မြေမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ငလျင်ဒဏ်ကြောင့် အိုးအိမ်များ ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအတွက်လည်း အထက(၁၃)ကျောင်းဝင်း၌ ဧပြီ ၂၈ ရက်မှစ၍ Camp(စခန်းသွင်း) ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ လုံခြုံရေး၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် သင်ထောက်ကူပစ္စည်းများအတွက် တိုင်းဒေသကြီးပညာရေးမှူး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ အနီးကပ်ကြီးကြပ် ကူညီပံ့ပိုးပေးထားသည်။

မဟာအောင်မြေမြို့နယ်၌ ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဖြေဆိုသူ ၁၀၅၃ ဦး ဖြေဆိုခဲ့ပြီး ပြန်လည်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန်အတွက် ပြန်လည်သင်ကြားရေးတွင် မေ ၉ ရက်အထိ စာရင်းအရ ၈၆၅ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

(ဝဲပုံ)

(၀၅၆)

၀-၀-၀-၀-၀-၀




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နေပြည်တော်တပ်မတော်လေဆိပ်၌ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် မေ ၁၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲနှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အစိုးရပရိုတိုကောဌာန၏ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

**ပြန်လည်လိုက်ပါလာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒေါက်တာဘရှေနှင့် ခွန်စံလွင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်သည် နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗာစီဗစ်ဒေသ

*စာမျက်နှာ ၃ သို့*

# ရောဝတီယူနိုက်တက်အသင်းကို အနိုင်ရရှိပြီး MNL League Cup အုပ်စု(ခ)ကို ဆက်လက်ဦးဆောင်ခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်း

**ရန်ကုန် မေ ၁၀**

ရန်ကုန်ယူနိုက်တက်အသင်း၏ MNL League Cup အုပ်စုပွဲစဉ်(၃)အဖြစ် ရောဝတီယူနိုက်တက်အသင်းနှင့် သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး ၁ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်း၏ တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်(၃၇)မိနစ်တွင် ရရှိခဲ့ပြီး ဇော်ဝင်းသိန်း၏ ပြစ်ဒဏ်ဘောကန်တင်ပေးမှုကို ရောဝတီနောက်ခံလူ ပြည့်ဖြိုးဇော် ရှင်းထုတ်ရာမှ ကိုယ့်ဂိုးကိုသွင်းမိခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းသည် နောက်ထပ်ဦးဆောင်ဂိုးများရရှိရေး ကြိုးစားခဲ့ပေမယ့် အဆုံးသတ်လွဲချော်မှုအချို့ကြောင့် ဂိုးကံခေခဲ့ရပြီး ပွဲပြီးဆုံးချိန်တွင် ၁ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် လက်ရှိ MNL League Cup 2025 အုပ်စု(ခ)တွင် ၃ပွဲကစား၊ ၂ပွဲနိုင်၊ ၁ပွဲသရေဖြင့် ရမှတ်(၇)မှတ် ရရှိထားပြီး အုပ်စုအဆင့်(၁)ဖြင့် ဦးဆောင်လျက်ရှိသည်။

ရန်ကုန်ယူနိုက်တက်အသင်း၏ အုပ်စုနောက်ဆုံးပိတ်ပွဲစဉ်အား လာမည့် မေလ ၁၆ ရက်နေ့တွင် မဟာယူနိုက်တက်အသင်းနှင့် သုဝဏ္ဏကွင်းတွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(NGB)**

